# ပုဂ္ဂိုလ်ထူးဆယ့်တဦး

ရေး၊ သူ့မယ်သိမ်



ကျောင်းသုံးစာအုပ်

# ပုဂ္ဂိုလ်ထူးဆယ့်တဦး

ဝတ္ထု

ရေးသူ မယ်သိမ်

ဤပုဂ္ဂိုလ်ထူးဆယ့်တဦး ဝတ္ထုကို ရုပ်ရှင်ရိုက်ကူးခြင်း၊ ပြဇာတ်ပြခြင်းနှင့် စာနယ်ဇင်းတို့တွင် ထည့်သွင်းလိုပါလျှင် မူပိုင်ရှင် ခွင့်ပြုချက်ရယူပါ။

ပညာနန္ဒ-ပုံနှိပ်တိုက်
၁၅ (က) အင်းယားမြိုင်လမ်း တက္ကသိုလ်ရိပ်သာ၊
ရန်ကုန်မြို့။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

၈၇ ၀၈

# နိဒါန်း

ဤပုဂ္ဂိုလ်ထူးဆယ့်တဦး ဝတ္ထုကိုရေးသားရခြင်း၏ အကြောင်းသည်ကား ယနေ့ တွေ့ကြုံ နေကြရသော အဆင်မပြေမှုများနှင့် တနေ့တခြား ကျဆင်းနေသော လူတို့၏စာရိတ္တကိုမြှင့်တင်လိုသောအာသီသအရင်းခံ ကြောင့်ပင်ဖြစ်ပါ၏။ ယခုအခါတွင် အများ သိရှိပြီး ဖြစ်သည့်အတိုင်း စာရိတ္တမဏ္ဍိုင်ကြီးသည် ကြောက်ခမန်းလိလိကျဆင်းနေသည်ကို အထူးရေးရန်မလိုတော့ပြီ။ ဤကဲ့သို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှာလိုက်သည့် အခါ မိမိ တို့၏ ကိုးကွယ်ရာဖြစ်သော ဘာသာတရားကို* လိုက်နာ ကျင့်သုံးမှု လျော့ပါးခြင်းကြောင့်လည်းတကြောင်း ဖြစ်သည်ဟုဆိုလျှင် မှားမည် မထင်ပေ ယခုအခါမှာဆိုလျှင် လူတို့၏ကျင့်စဉ်တရားများပင်။ တိမ်ကော ပပျောက်တော့မလောက် ရှိနေပေပြီ။

အထူးသဖြင့်ဆိုလျှင် ယခု အခါ လောကဓါတ်စသော ပညာရပ်တွေတနေ့တခြား ထွန်းကားတိုးတက်

---

* ဤနေရာတွင် ဘာသာတရားကိုလိုက်နာကျင့်သုံးမှုဆိုသည်မှာ သာမန်အားဖြင့် လှူဒါန်းခြင်းနှင့် ဘုရားသွားကျောင်းတက်ခြင်း သာ မ ဟုတ် သေး ဘဲ ဘုရားရှင်ဟောကြားဆုံးမထားသော တရားတော်အတိုင်း ခါးဝတ် ပုဆိုးကဲ့သို့ စွဲမြဲစွာကျင့်ကြံ အားထုတ်ခြင်းကို ဆိုလိုပါသည်။

နေသောကြောင့် လူ အ ချို့တို၏ စိတ်အာရုံကိုလည်း တမျိုးတဖုံ ပြောင်းလဲစေခဲ့၏။ ကိုသို့ဖြစ်သော်လည်း ကပ္ပါအသင်္ချေမှစ၍ ယနေ့တိုင်အောင် အစဉ်အမြဲဖြစ်ပေါ်နေသော ကမ္ဘာ့နိယာမတရားများကိုပင် မည်သူတဦးတယောက်မျှ ပြုပြင် ပြောင်းလဲ နိုင်ခြင်း မရှိသေးသည်ကိုလည်း ထည့်၍စဉ်းစားရန်ရှိသည့်ပြင်၊ လောကဓါတ်စသောပညာရပ်တွေကို တည်ထွင်လုပ်ကိုင်သူများပင် ဘုရားဟောတော်မူသော တ ရား တော် အရ သင်္ခါရ တည်း ဟူ သော နယ် န မိတ် က မကျော်လွန်နိုင်သေးသည်သာမက - အို- နာ- သေရေး ဒုက္ခဘေးတို့မှ မကင်းနိုင်ဘဲ သင်္ခါရသဘောသို့ ရွေ့လျော ရွေ့လျော၍ သွားရသည်မှာလည်းမျက်မြင်ဖြစ်ကြပေမည်။ ထိုကြောင့် လောကဓါတ် ပညာရပ်တွေမှာ လောကဓါတ်ပညာသာဖြစ်၍ ဘာသာတရားသည် ဘာသာတရားဖြစ်ကြောင်းကို ခွဲခြား၍ သိ ရန် လည်း လွန်စွာအရေးကြီးသည်ကို သတိပြုရာသည်။ အမှန်အားဖြင့် မိမိတို့ဘာသာတရားကို ကျယ်ကျယ် ဝင့်ဝင့် သိရှိပါလျှင်ဝေဘန်ပိုင်းခြား၍ သာလွန်လွှယ်ကူပေလိမ့်မည်။ ဤကားအလျဉ်းသင့်၍ အကျဉ်းမျှဖေါ်ပြ လိုက်ခြင်းဖြစ်ပါသည်၊ ။

စာရေးသူ၏ရည်ရွယ်ချက်မှာ ဤဝတ္ထုပါ ပုဂ္ဂိုလ်ထူးဆယ့်တဦးတို့၏ လမ်းစဉ်ကဲ့သို့ ကိုယ်ကျင့်တရားကို ကောင်းစွာ စောင့်ထိန်းကြမည် ဆိုပါလျှင် လောဘ ဒေါသ-မောဟ-တည်းဟူသော အဝိဇ္ဇာတရားတွေဖုံးလွှမ်းနေခြင်းကြောင့် တွေ့ကြုံ နေရသော အခက်အခဲမျိုးတွေမှ ကင်းဝေးပြီး လူအချင်းချင်း မေတ္တာတရားပွားများကာ လူမှု ဆက်ဆံရေးတွေ အဆင်ပြေဖြစ်၍ အခက်အခဲ အမျိုးမျိုးတွေကို ကျော်နင်းနိုင်ရန်လည်း ဖြစ်ပေသည်။ ယခုစာရိတ္တမကျိုင်ကြီး ယိုင်လဲနေသည်ကို စိစစ်ကြည့်မည် ဆိုပါလျှင်လည်း ငါးပါးသော သီလတို့ကို ဥပေက္ခာ ပြုနေကြသောကြောင့် ဖြစ်သည်ကိုတွေ့ရပေလိမ့်မည်။

ထိုဂရုဓမ္မခေါ်သော ငါးပါးသီလကို စောင့်ရာတွင်လည်း ပုဂ္ဂိုလ်ထူးဆယ့်တဦးတို့ကဲ့သို့ သန့်ရှင်းအောင် မစောင့်ထိန်းနိုင်သည့် တိုင်အောင် မကောင်းသော အကျင့်အကြံအပြုအမူတို့မှကင်းရှင်းအောင်နေထိုင်ရန်ပင်ဖြစ်၏။ ထိုပုဂ္ဂိုလ်ထူးတို့ကဲ့သို့ သန့်ရှင်းအောင်ကျင့်ကြံနိုင်ပါမူကား ပြောဘွယ်ရာမရှိပေ။ ထိုကဲ့သို့ငါးပါးသောသီလနှင့် အညီ ကောင်းစွာ ကျင့်ကြံ နေထိုင်ခြင်းဖြင့် နောင်သံသရာ အဘို့သာ မဟုတ်သေးဘဲ ယခုဘဝတွင်ပင် လောက၏ အလယ်တွင် ကြီးကျယ်

သော ဂုဏ် ကျက် သ ရေ အ ထွေ ထွေ တို့ နှင့် ပြည့်စုံ၍ အများ၏ ချီးကျူးခြင်း၊ ရိုသေခြင်းကိုခံရပြီး ထင်ပေါ် ကျော်စောနိုင်မည်မှာ မလွဲပေ။ နောင်သံသရာ အဘို့ မှာလည်း လူဖြစ်လျှင်လည်းတင့်တယ်။ နတ်ဖြစ်လျှင် လည်းတံခိုးကြွယ်ရုံတင်မက တဖြေးဖြေး ပါရမီရင့်သန် နိုင်သော မူလ ဘူတ အရင်းခံကိုယ်ကျင့်တရားများ ပင်ဖြစ်၏၊ ။

သို့ဖြစ်သောကြောင့် ဤ ဝ တ္ထု တွ င် ပ ါ ရှိ သေ ာ ပုဂ္ဂိုလ်ထူးဆယ့်တဦးတို့၏ ကျင့်ပုံကြံပုံများမှာ လူတို့ ၏ကျင့်အပ်ကြံအပ်သော ကျင့်စဉ်တရားများသာဖြစ်၍ ချီးချံစွာ ကျင့်နေရခြင်းမရှိဘဲ မိမိစောင့်ထိန်းသော ကိုယ်ကျင့်တရား လုံ ခြုံ မှု သည် သာ လျှင် အဓိကဖြစ် သည့်အတိုင်း နေရင်း ထိုင်ရင်း သွားရင်း လာရင်း လုပ်ကိုင်ရင်းနှင့်ပင်ကိုယ်ကျင့်တရားကောင်းမွန်အောင် မိမိကိုယ်ကို မိမိထိန်းသိမ်း စောင့်ရှောက်ရန်ပင်ဖြစ်ပေ သည်။ ထို့ကြောင့်ခလေးလူကြီးကျားကျား မမ မည်သူ မည် ဝါ ရယ် မ ဟု လူ တိုင်း လူ တိုင်း နှင့် သင့် လျော် လျောက်ပတ်သောကျင့်စဉ်များပင်ဖြစ်ပေသည်။ ။

နောက်ရည်ရွယ်ချက် တခုမှာ နောင်တခေတ်တွင် အ ရေး ပါ သော လူ ကြီး များ ဖြစ် လာ နိုင် သည့် ယနေ့ခလေးသူငယ်များ၏ အကျင့်စာရိတ္တကောင်းမွန်

ရေး ဘာသာတရားနှင့် မကင်းကွာနိုင်ရေး စဉ်းစားဉာဏ်ရင့်သန်ရေး စသည်တို့ပင် ဖြစ်ပေသည်။ ထိုအချက်များမှာလည်း လွန်စွာအရေးကြီးသည် အတိုင်း ခလေးသူငယ်များ၏ နောင်အနာဂါတ်ရေးကို ရှေ့ရှုသောအားဖြင့်အဆိုပါအချက်များနှင့် သက်ဆိုင်သည့် မေးခွန်းများကို ခလေးများအတွက်ဖြေကြားရန်မေးခွန်းများဟူ၍ သီးသန့်ကာထည့်သွင်း ရေးသားခြင်းဖြစ်ပါသည်။

ထိုပြင် ခလေးများအတွက် မှတ်သားဘွယ် အခဏ်းဟူ၍ခေါင်းစဉ်တပ်ခါ ဖေါ်ပြလိုက်ခြင်းမှာလည်း အမှန်အားဖြင့် ခလေး သူ ငယ် များတို့သည် ဘာသာတရားနှင့်ဆိုင်သော စာပေများကိုသော်၎င်း အခြားဗဟုသုတဖြစ်ဘွယ်ရာစါအုပ်စါတမ်းများကိုသော်၎င်း မိမိတို့နှင့်မဆိုင်သကဲ့သို့ မဘတ်ဘဲ စိတ်မဝင်စားဘဲနေတတ်ကြသည်ကို သတိပြုမိကြပေလိမ့်မည်။ သို့ဖြစ်သည်အတိုင်း ခလေးများနှင့်သင့်လျော်၍ ခလေးများစိတ်ဝင်စါးစေရန်အတွက်ရည်သန်ပြီးလျှင်ခလေးများအတွက်မှတ်သားဘွယ် အခဏ်းကို သီးခြား၍ဖေါ်လိုက်ခြင်းဖြစ်သည့်မြင်ဟိရိသြတ္တပ္ပတရား-၂-ပါးအကြောင်းကိုလည်း အထူးသဖြင့် ဖေါ်ပြလိုက်ခြင်း ဖြစ်ပါသည်။ သို့ပင်သီးခြား၍ခေါင်းစဉ်တပ်လိုက်သော်လည်းစင်စစ်

အားဖြင့်ဆိုလျှင်ထိုအခန်းတွင် ပါရှိသောအချက်များ သည် ကြီးကြီး ငယ်ငယ် ရှယ်ရှယ် လတ်လတ် လူတိုင်း နှင့်သင့်လျော်ကြောင်း ကိုကား ရေးသား ထားသည့် အချက်များကသက်သေခံပေလိမ့်မည်။ ။

ဤစာအုပ်ပါ အကြောင်းအရာများမှာ ဘုရား ဟောတော်မူသောဓမ္မပဒတရားပေါင်းချုပ်နှင့်နိပါတ် တော်လာများကိုမူတည်၍ အများဘတ်ချင်စဘွယ်ဖြစ် အောင်မိမိ၏စေတနာရှည်ရှယ်ချက်အရင်းခံဖြင့်ချွတ်ကွင်က စကားပြေသက်သက်ဖြင့် ရေးသားထားခြင်းများ ဖြစ်ပါသည်။ ဤသို့ချွတ်ကွင်ရေးသားသော်လည်း တရား တော်လာ မူရင်းအတိုင်းထက် မလွဲစေဘဲ ကိုက်ညီနိုင် သလောက် ကိုက်ညီအောင် ရေးသား ထားသည်ကို သုတေသီများ လွယ်လင့်တကူ သိနိုင်ပေလိမ့်မည်။သို့ ပင်ဖြစ်သော်လည်း အမေ့အမှားဆိုသည်မှာ ကင်းနိုင် ခဲသောကြောင့် မှားယွင်းသော အချက်များပါရှိပါက လည်း အများအတွက် ရည်ရွယ်ရင်းဖြစ်၍ ခွင့်လွှတ်ခါ လျစ်လျူရှုလိမ့်မည်ဟု မျှော်လင့်ပါသည်။

အချုပ်မှာ ဤစာအုပ်ကိုရေးရာတွင် စေတနာထား သည်အတိုင်း အများ အကျိုးရှိလိမ့်မည်ဟု မျှော်လင့် ယုံကြည်ရင်းရှိသည့်အတိုင်း ဤစာအုပ်သည် ကျောက် ခမန်းလိလိ ပျက်ပြားနေသော စာရိတ္တမဏ္ဍိုင်ကြီးကို

တဘက်တလမ်းမှ အထောက်အပံ့ဖြစ်ပြီး အခက်အခဲ အမျိုးမျိုးတို့မှကျော်နင်းနိုင်ပါစေသတည်း။ တိုင်းပြည် သူမျိုး၏ အညွန့်ကလေးများဖြစ်သော ခလေးသူငယ် များအတွက်လည်း ယခုမှစ၍ နောင်အနာဂါတ်အဘို့ ပါ အဓွန့်ရှည်စွာ အကျိုး ကျေးဇူး ဖြစ် ထွန်း ပါစေ သတည်း။ ။

မယ်သိန္ဒ

# ဒဂုန်နတ်ရှင်၏ မှာကြားလွှာ။

ဤစာအုပ်ကို သေချာစေ့ငှ ဘတ်ရှု ကြည့်ရာ ဓနဥ္စယ ကောရဗျမင်း နှင့် တကွ တကျိပ်တယောက်သောပုဂ္ဂိုလ်ထူးတို့၏ စိတ်နေ စိတ်ထားနှင့် ပြုမူပြောဆိုချက်များကို မြန်မာစကားပြေ သက်သက် ဖြင့် အဆက် အစပ်သင့်လျော်အောင် ဝတ္ထုသဖွယ်စီကုံးရေးသားထားသည်ကို တွေ့ရလေသည်။ ဝတ္ထု၏မူလသဘောမှာ ဘုရားဟောတော်မူသော နိပါတ်တော်လာ ဂရုဓမ္မတရားကို သရုပ်ဖေါ်ထားခြင်းဖြစ်၏။ သူတော်ကောင်းတို့၏ ဥစ္စာစစ်ဖြစ်သောဂရုဓမ္မတရားသည် တိုင်းပြည်နှင့်လူထုကို အကောင်းဘက်သို့ ပြုပြင်ကယ်တင်နိုင်သော တရားထူး တရားမှန် ဖြစ်ကြောင်း မည်သည့်လူမျိုး မည်သည့်ဘာသာက မဆို ဝန်ခံကြရပါမည်။ ထိုတရားစစ် တရားမှန် ကို တိုင်းပြည်လူထုစိတ်ဝင်စားစေရန် လူတိုင်းဘတ်ရှု မှတ်သားနိုင်သော အရေးအသားမျိုးဖြင့် စာအုပ်စါတမ်းများ ထွက်ပေါ်လာသည်ကို မည်သူမဆို နှစ်လိုအားရ ချီးကျူးကြပေမည်။ ဤစာအုပ် ကို ရေးသူ **မယ်သိန်** သည် တိုင်းပြည်လူထု၏ အကျိုးအလို့ငှါ အဆိုပါ တကျိပ် တယောက်သော ပုဂ္ဂိုလ်ထူးတို့၏ ဂရုဓမ္မ တရား သုံးသပ်

ကြပုံကို ခေတ်မှီသော အသုံး အနှုန်း များဖြင့် သီကုံး ရေးသားထားခြင်း ဖြစ် လေ သည်။ အ ထူး သ ဖြင့် နောင်တနေ့တွင်လူတော်လူကောင်းများဖြစ်နိုင်သော ယနေ့လူငယ်လေးများအတွက် အထူးရေးသား ထား သည်ကို တွေ့ရသဖြင့် ထိုစာအုပ်သည် ရပ်ရွာ လူထု အတွက်နှင့် သက်ဆိုင်ရုံမျှမက စာသင်ကျောင်းများ အတွက် ခလေးသူငယ်တို့အား သင်္ခန်းစာအနေဖြင့် သင်ကြားနိုင်ရန် ခလေးများအဖို့ မေးခွန်း လေ့ကျင့် ခန်းကလေးများ ရေးသားပါဝင်သည်ကို တွေ့ရ၏။ အကျဉ်းချုပ်၍ ဘော်ပြရလျှင်— ဤ စာ အုပ် သ ည် တိုင်းပြည်တွင်- လူတော် လူကောင်းများ တိုးတက် ပေါက်ပွားလာစေရန် မျိုးစေ့သ ဘွယ် ဖြစ်ကြောင်း ကိုယ် တိုင် ယုံ ကြ ည် ချက် ကို ဘော်ပြ လိုက် ရ ပါ သည်။ ။

ဒဂုန်နတ်ရှင်

# အမှာ။

ဤစာအုပ်ကို စတင်ပုံနှိပ်နေဆဲမှာပင် ဖတ်ရှုခွင့် ပေးသဖြင့်၊ စာအုပ်ရှင်အား ကျေးဇူးတင်ပါသည်။

ခေတ်သစ်စိတ်ထက်သန်နေသူများကမူကား ဤသို့သော စာအုပ်မျိုးသည် ခေတ်ကို နောက်ပြန်ဆွဲသည်၊ ယခုခေတ်နှင့် မလျော်ဟု ယူဆကောင်း ယူဆကြပါလိမ့်မည်။

မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဟု ဆိုနိုင်ပေသည်။ ပုဂံခေတ်မှ ယခုခေတ်အထိ နှစ်ပေါင်း ၇၀၀ကျော် ၉၀၀မျှ ပါဠိဖြင့်ရှိအပ်သော ဗုဒ္ဓဘာသာ သာသနာတော်ကြီး၏ အဆုံးအမများသည် မြန်မာလူမျိုးတို့စိတ်၌ စိမ့်ဝင် ခိုင်မြဲ နေခြင်းကြောင့် မြန်မာစကားသက်သက်ပင်ဖြစ်စေကာမူ ဗုဒ္ဓဝါဒ ကျမ်းဂန်စကား၊ ကျမ်းဂန်အတွေးအခေါ်များ မပါဘဲ ပြောဆို၍မရနိုင်တော့ချေ။ ထို့ကြောင့် ဗုဒ္ဓဝါဒ အခြေခံမရှိဘဲ- မြန်မာစကားကို နားလည်ရန် ခဲယဉ်းပေသည်။

ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော ဒေသနာများမှာ မူလအားဖြင့် ပါဠိဘာသာဖြင့်သာ ရှိခဲ့ရာ

ပါဠိဘာသာ တတ်ကျွမ်းနားလည်သော ပုဂ္ဂိုလ်ကြီးများသာလျှင် လေ့လာသိရှိခွင့် ရကြသည်။ လူအများမှာမူကား အဆိုပါပုဂ္ဂိုလ်ကြီးများ ဟောပြော ပြသသလောက်သာ သိ ရှိ ခွင့် ရကြ၍ ကျန်စကားများကို မတွေ့ဘူး၊ မမြင်ဘူး၊ မျက်စိပိတ်၊ နားပိတ်ဖြစ်ကြလေသည်။ ထို့ကြောင့် ရှေး အင်းဝခေတ်ဦးကပင် ပါဠိကျမ်းဂန် တတ်ကျွမ်းသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များသည် လူအများသိရှိနားလည်ခွင့်ရရှိကြရန်၊ ပါဠိတော်များကို မြန်မာသက်သက် ဝတ္ထုစကားပြေရေးသား ဖြန့်ချီခဲ့ကြပေသည်။ ရှင်မဟာ သီလဝံသဆရာတော် စီရင်ရေးသားသော ပါရာယနဝတ္ထု။ ရတနာကရဘုန်းတော်ကြီး စီ ရင် ရေးသားသော ÷ ရတနာကရ ဝတ္ထုခေါ် ဓမ္မပဒ ဘာသာပြန် ဝတ္ထုတော်ကြီး၊ ငါးရာငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့ စသည့် ဝတ္ထုစကားပြေ ကျမ်းများသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အတွက် အထူးပင် ကျေးဇူးကြီးခဲ့ပေသည်။ ဤသို့သောအကူအညီမျိုးကို မရခဲ့ပါမူကား ယခုကျွန်တော်တို့ လေးစားအပ်သော မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာစကားသည် ယခုအခြေသို့ ရောက်ရှိခဲ့မည် မထင်ပေ။

ထို့ကြောင့် ယခု မယ်သိဒ်အမည်ခံ အမျိုးသမီးစာရေးဆရာမကြီး ကြိုးပမ်းပြုစုထားသော စာအုပ်ကို

ကျွန်တော်တို့သည် ဝမ်းသာအားရစွာ ခရီးဦးကြို ပြုသင့်ပေသည်။ မယ်သိမ်သည် ပါဠိကျမ်းဂန် အကြောင်းအရာများကိုယူ၍၊ သို့သော် ထိုအကြောင်းအရာများကို တန်းဆာဆင်၍ပေးလိုက်သော အဆင်တန်းဆာများကား၊ လွယ်ကူသန့်ရှင်းလှသော မြန်မာ ဝိပိဿသ မြန်မာစကားသက်သက် လူတိုင်း ဘတ်ရှု နားလည်နိုင်သော ခေတ်သစ်စကားများပင် ဖြစ်ပေသည်။ သို့ပါသော်လည်း ပါဠိကျမ်းဂန်၌ လာအပ်သော အဓိပ္ပါယ်အမျိုးမျိုးဖြင့် ပြဲသထားသဖြင့် လူကြီးများလည်း ဘတ်ရှုနိုင်သည်၊ ကလေးသူငယ်များအတွက်လည်း နားလည်စိတ်ဝင်စားနိုင်ပေသည်။

ဤစာအုပ်ကို ပြုစုရာ၌ မယ်သိမ်သည် စေတနာကြီးကြီးထား၍ တော်တော်ပင် ကျိုးစားခဲ့ရသည်ကို စာအုပ်က သက်သေခံလျက်ရှိပေသည်။ မယ်သိမ်၏ ရည်မှန်းချက် တင်းပြည့်ကျပ်ပြည့် အောင်မြင်ပါစေ သတည်းဟု ဆုတောင်းလိုက်ပါကြောင်း။

ဇော်ဂျီ

# မာတိကာ။


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ ဓနဥ္စယ ကောရဗျမင်းကြီး တိုင်းပြည် အုပ်ချုပ်တော်မူခြင်း အကြောင်း။ | ၁ |
| ၂။ ကာလိင်္ဂတိုင်းပြည်၌ မိုးခေါင်ခြင်း။ | ၃ |
| ၃။ ပုဏ္ဏားတို့အား ဆင်တော်မင်္ဂလာကို အလှူခံရန် ဣန္ဒပတ္တပြည်သို့ စေလွှတ်ခြင်း။ | ၉ |
| ၄။ ကောရဗျမင်းကြီးသည် အဥ္စနဝဏ္ဏ ဆင်တော်မင်္ဂလာကို လှူခြင်း။ | ၁၃ |
| ၅။ ဆင်တော်မင်္ဂလာကိုကာလိင်္ဂတိုင်းပြည် သို့ ယူဆောင်ခြင်း။ | ၁၅ |
| ၆။ ထိုဆင်တော်ကို ဣန္ဒပတ္တပြည်သို့ ပြန်ပို့စေပြီး ကောရဗျမင်းစောင့်ထိန်းသော ဂရုဓမ္မသီလကိုတောင်းဆိုရန် ဘတ်သိလိမ်မာသောအမတ်တို့ကိုပါ ထပ်မံ စေလွှတ်ခြင်း။ | ၁၆ |

၇။ ကောရဗျမင်းသည် မိမိစောင့် ထိန်းသောသီလ၌ သံသယဖြစ်ခြင်း။ ၁၈
၈။ ကောရဗျမင်းသည်မိမိစောင့်ထိန်းသောဂရုဓမ္မ သီလကို တမန်တော်တို့အား ပေးခြင်း။ ၂၁
၉။ မယ်တော်မိဖုရားကြီးသည် မိမိစောင့်ထိန်းသော သီလကို သံသယ ဖြစ်ခြင်း။ ၂၄
၁၀။ ကောရဗျမင်း၏ မိဖုရားကြီးသည် မိမိစောင့်ထိန်းသော သီလကို - သံသယဖြစ်ခြင်း။ ၃၀
၁၁။ အိမ်ရှေ့မင်းသည် မိမိစောင့် ထိန်းသောဂရုဓမ္မသီလကို သံသယဖြစ်ခြင်း။ ၃၅
၁၂။ ပုရောဟိတ် ဆရာကြီးသည် မိမိစောင့်ထိန်းသော ဂရုဓမ္မသီလ၌ သန့်ရှင်းသည်ဟုမထင်ဘဲ သံသယဖြစ်ခြင်း။ ၄၂
၁၃။ မြေတိုင်း အမတ်ကြီးသည် မိမိစောင့်ထိန်းသော သီလ၌ - သန့်ရှင်းသည်ဟု မထင်ဘဲ သံသယဖြစ်ခြင်း။ ၄၈

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁၄။ ရှထားထိန်းသည် မိမိ စောင့်ထိန်းသော သီလ၌ သန့်ရှင်းသည်ဟု မထင်ဘဲ သံသယ ဖြစ်ခြင်း။ | ၅၄ |
| ၁၅။ သူဌေးကြီးသည် မိမိစောင့်ထိန်းသော သီလ ကို သန့်ရှင်းသည်ဟု မထင်ဘဲ သံသယဖြစ်ခြင်း။ | ၅၉ |
| ၁၆။ စာရင်းကိုင် အမတ်ကြီး သည် မိမိ စောင့်ထိန်းသော ဂရုဓမ္မ သီလကို သန့်ရှင်းသည်ဟု မထင်ဘဲ သံသယ ဖြစ်ရခြင်း။ | ၆၅ |
| ၁၇။ တံခါးမိုလ်သည် မိမိစောင့်ထိန်းသော သီလကို သန့်ရှင်းသည်ဟု မထင်ဘဲ သံသယ ဖြစ်ခြင်း။ | ၇၀ |
| ၁၈။ ပြည့်တန်ဆာမ အကြောင်း။ | ၇၆ |
| ၁၉။ ပြည့်တန်ဆာမသည် မိမိ စောင့်ထိန်းသော သီလ ကို သန့်ရှင်း သည် ဟု မထင်ဘဲ သံသယဖြစ်ပုံ။ | ၇၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၂၀။ | ပြည့်တန်ဆာမသည် တရားလွှတ်တော်သို့ သွား၍- တရား အဆုံး အဖြတ်ကို ခံယူခြင်း။ | |
| ၂၁။ | ပြည့် တန် ဆာ မ အား သိ ကြား မင်း ဆုံးမခန်း။ | ၇၃ |
| ၂၂။ | တမန်တော်များ ပြန် သွား၍ ဂရုဓမ္မ သီလကို ကာလိင်္ဂမင်းအား ပေးဆက်ခြင်း။ | ၇၅ |
| ၂၃။ | ဂရုဓမ္မ သီလတန်ခိုးကြောင့် မိုယ်းရွာခြင်း။ | ၇၆ |
| ၂၄။ | သူ့အသက်ကိုသတ်သော ရဟန်းငယ် အကြောင်း။ | ၇၇ |
| ၂၅။ | ထိုရဟန်းကိုဘုရားရှင်ကိုယ်တော်မြတ် ဆုံးမ၍ တရားဟောခြင်း။ | ၈၁ |
| ၂၆။ | ရဟန်းတို့၏ အင်္ဂါရပ်များကို ပြဆို ခြင်း။ | ၈၂ |
| ၂၇။ | ခလေးများအဖို့ မှတ်သားဖွယ်အချက် များ။ | ၈၇။ |

# ရတနာသုံးပါးကို ဦးညွှတ်ပါ၏။

မယ်သိန်

ဒုတိယနှိပ်ခြင်း၊ ၁၉၆၂-ခု-မေလ
၁၃၂၄ ခု - ကဆုန်လ

# ကောရဗျမင်း

## အုပ်ချုပ်ပုံနှင့် အကျင့်သီလ

ရှေးအခါ ကုရုတိုင်း ဣန္ဒပတ္တပြည်၌၊ ဓနဉ္စယ ကောရဗျမင်းသည်၊ တိုင်းပြည်အုပ်ချုပ်၍၊ မင်းလုပ်တော်မူ၏။ ထိုမင်းသည် တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်ရာ၌၊ မင်းတို့ကျင့်အပ်သော မင်းကျင့်တရား (၁၀) ပါးတို့နှင့်အညီ ကောင်းစွာ အုပ်ချုပ်သောကြောင့်၊ တိုင်းပြည်အလုံး ဇနပုဒ်မကျန် သာယာဝပြောသောဟူ၏။

ထိုမင်း၏ မိဖုရားကြီးသည်လည်း မြတ်သော အဆင်းကိုဆောင်လျက်၊ အကျင့်သီလနှင့်လည်းပြည့်စုံ၏။ ထိုအခါ၌၊ ဘုရားအလောင်းတော်သည် အဆိုပါ မိဖုရားကြီးဝမ်း၌၊ ပဋိသန္ဓေတည်နေတော်မူလေသည်။ ၎င်းနောက်ဖွားမြင်လာ၍မတ်ရပ်သွားနိုင်သောအခါ ဒုတိယ သားတော်တပါးကိုလည်း ဖွားမြင်ပြန်၏။ အလောင်းတော် မင်းသားသည် တတ်သိ လိမ္မာသော အရွယ်သို့ ရောက်သောအခါ တက္ကသိုလ်မြို့သို့ သွားရောက်၍၊ မင်းသားတို့တတ်အပ်သော အတတ်ပညာရပ်များကို သင်ကြားလေသည်။

ထိုမင်းသားသည် ပညာသင်ကြား၍၊ တတ်သင့်

သော အတတ်ပညာများကို အလုံးစုံ တတ်မြောက် သဖြင့် တိုင်းပြည်သို့ ပြန်လာရာ၊ ခမည်းတော်မင်းကြီးသည် သားတော်အား အိမ်ရှေ့မင်းအရာပေး၍၊ ထီးဆွေ နန်းမွေခံအဖြစ် ထားတော်မူ၏။ ထိုသို့ဖြင့် အိမ်ရှေ့မင်းအဖြစ်၌ နေတော်မူ၍ ကာလအတန်ကြာသောအခါ ခမည်းတော်မင်းကြီး ကွယ်လွန်လေလျှင် ခမည်းတော်၏ ထီးမွေ နန်းမွေကို ဆက်ခံရလေသည်။ ထိုမင်းကိုလည်း ခမည်းတော်၏ အမည်အတိုင်း ဓနဉ္စယ ကောရဗျမင်းဟူ၍ပင် သမုတ်ကြ၏။ ထိုမင်း၏ ညီတော်ကိုကား အိမ်ရှေ့မင်းအရာ၌ ထားတော်မူလေသည်။ဤသို့မင်းအဖြစ်ကို ဘိသိတ်ခံယူပြီးနောက် ကောရဗျမင်းသည် ခမည်းတော်၏ ဆုံးမခဲ့သော လမ်းစဉ်အတိုင်း၊ မင်းကျင့်တရား (၁၀) ပါးနှင့်အညီ အုပ်ချုပ်သည်သာမက ဂုရုဓမ္မ မည်သော တရားကိုလည်း ကျိုးစား၍ကျင့်သုံးဆောက်တည်၏။

ဂုရုဓမ္မ တရား ဆိုသည်မှာ ငါးပါးသော၊ သိက္ခာသီလတို့ပင်တည်း။ အလောင်းတော် ကောရဗျမင်းကြီးသည် အဆိုပါ သိက္ခာသီလငါးပါးကိုစောင့်ထိန်း ရာတွင်လည်းရှင်း၊ သိက္ခာသီလနှင့် ပတ်သက်သမျှသော အရာတို့ကိုပါ စင်ကြယ်စွာ စောင့်ထိန်း၏။ ထိုကဲ့သို့ ကောရဗျမင်း ဂုရုဓမ္မ သီလကို စောင့်ထိန်း

သည့် နည်းတူ အခြားသော ပုဂ္ဂိုလ် ဆယ်ဦးတို့သည်လည်း ဂရုဓမ္မမည်သည့် ငါးပါးသော သိက္ခာသီလတို့နှင့် သက်ဆိုင် သမျှသော အရာတို့ကိုပါ စင်ကြယ်စွာ ဆောက်တည် ကျင့်သုံးကြလေသည်။

အလှူ တင်းကုပ် ဆောက်လုပ်၍ လှူဒါန်းပေး ကမ်းခြင်း။

ကောရဗျ မင်းမြတ်သည် မြို့လေးမျက်နှာဖြစ်သောတံခါးလေးခုတို့၌အလှူတင်းကုပ် (၀၁) အလှူစရပ် လေးခု တို့ကို၎င်း မြို့၏အလယ်၌ အလှူ တင်းကုပ် တခု ကို၎င်း၊ဘုရင်မင်းမြတ်စံတော်မူရာနန်းတော်တံခါး၌၎င်း၊အဆိုပါခြောက်ဌာနတို့၌၊ခြောက်ခုသော အလှူ တင်းကုပ် တို့ကို ဆောက်လုပ်ခါနေ့စဉ် ခြောက်သိန်းသောအသပြာတို့ကိုစွန့်ကြဲလှူဒါန်းပေးကမ်းခြင်းကိုပြု၏။ထိုကောရဗျမင်းကြီးသည်၊ အလှူဒါနပြုခြင်း၌ အလွန်ထက်သန်ကြောင်းကို၊အတိုင်းတိုင်းအပြည်ပြည်တို့၌ပင်၊ ထင်ရှားကျော်ဇောလေသည်။

## ကာလိင်္ဂတိုင်းပြည်တွင်၊ မိုးခေါင်ခြင်း အကြီးအကျယ်ခေါင်ခြင်း

ထိုသည့်အခါ၀ယ် ကာလိင်္ဂတိုင်း ဒန္တပူရပြည်တွင် ကာလိင်္ဂမင်းသည် မင်းအဖြစ်ဖြင့် အုပ်စိုး၏၊ အဆိုပါ ကာလိင်္ဂမင်း၏ နိုင်ငံ၌ကား မိုးသည်မရွာဘဲ

အကြီးအကျယ်ခေါင်လေရာ၊ အားလုံးသောတိုင်းနိုင်ငံ တခုလုံး၌၊ ကောက် ပဲ သီး နှံ စသည် တို့ကို အ နည်း ငယ်မျှစိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိသောကြောင့်၊လူတို့ သည် ငတ် မွတ် ခေါင်းပါးခြင်း တည်းဟူသော ဘေး နှင့် ကြုံ ကြ ရ လေ၏။ ထို သို့ ငတ် မွတ် ခေါင်း ပါး ခြင်း ကြောင့်၊ ရောဂါ အမျိုးမျိုး တို့ သည်လည်း ထူ ပြော လျက် ရှိပြန်လေရာ၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ အ နာ ရောဂါဘေး။ အစာရိက္ခာကိုရအောင်လုပ်ကိုင်စား သောက်နိုင်ရန်ခဲရင်းသောဘေး၊ စသည်တို့ဖြင့် ဘေး အမျိုးမျိုးတို့သည်ဖြစ်ကုန်၏။

သို့ဖြစ်ခြင်းကြောင့်၊ လူအပေါင်းတို့သည် အိုး အိမ် မဘည်၊ နေရာ ကင်းပျက်၊ ဆူပွက် သောင်းကျန်းခြင်း စသော ဘေးတို့ကြောင့်၊ ခလေးသူငယ်တို့ကိုလက်ဆွဲ ကြကုန်လျက် ထိုမှ-ဤမှ-အရပ်ဒေသတို့၌၊ လှည့်လည် သွားလာ ကြရကုန်၏။ ထိုကဲ့သို့သော ဘေးအမျိုးမျိုး တို့ဖြင့် နှိပ်စက် အပ်သောကြောင့်၊ တိုင်းသူ ပြည်သား တို့သည် စည်းဝေး စုရုံး ကြကာ၊ မင်း နေ ပြည် တော် ဖြစ်သော ဒန္တပူရ မြို့သို့ သွားရောက်ကြပြီးလျှင်၊ ဘုရင် မင်း မြတ်၏ နန်းတော် တံခါးဝ၌ ကြွေးကြော် ခြင်းကို ပြုကြလေသည်။

ထိုကဲ့သို့ တိုင်း သူ ပြည် သား တို့ လာ ရောက်

ကြွေး ကြော် ကြ သော အ သံ ကို ကြား သော အ ခါ၊ ဘုရင်မင်းမြတ်သည်၊ လေသာ ပြတင်းကို ဖွင့်၍၊ ကြည့်ကာ အကြောင်း ခြင်းရာကိုမေးမြန်းသည်မှာ.....

"အချင်းတို့ .... အသင်တို့သည် အဘယ် အကြောင်းကြောင့်၊ ဤကဲ့သို့ ဟစ်အော် ကြွေး ကြော် ကြ ပါကုန်သနည်း"။

ပြည်သူလူထု — အရှင်မင်းကြီး တိုင်း နိုင်ငံ တခုလုံး၌ ဥ ပါး သော ဘေး တို့သည် ဖြစ်ကုန်၏၊ ထို ဘေး တို့ သ ည် က ား မိုး ယ် း မ ရွာ သော ကြောင့် ကော က် ပဲ သီး နှံ တို့ ကို စိုက် ပျိုးနိုင်ခြင်း မ ရှိ ကြ ပါ။ ထို ကြောင့် ငတ် မွ တ် ခြ င် း ဘေး ဖြ င့် လူတို့သည် မကောင်းသော အနာ ရောဂါ နှိပ်စက်၍ အိမ်မှ ထွက်ကုန်ကြလျက် သားငယ်တို့ကို လက်၌ ဆွဲကိုင်ကာ၊ ထိုမှ-ဤမှ လှည့်လည်ကြရကုန်၏ (ဝါ) ပြောင်း ရွှေ့ ကြရ ကုန်၏။ သို့ ဖြစ်သောကြောင့် အရှင် မင်းကြီးသည် မိုးယ်း ကို ရွာပါ စေလော့ (ဝါ) မိုးယ်းရွာအောင် ပြုလုပ်ပါလော့...ဟုဆိုကြ ကုန်၏။ ။

မင်းကြီး — ထိုအခါကာလိင်မင်းကြီးသည်အမတ်

တို့ကို ခေါ်၍ အမတ် တို့နှင့် တိုင် ပင် ပြော ဆိုသည်မှာ.....အမတ်တို့ ရှေးရှေးသော မင်းတို့သည် မိုးဃ်း မရွာသည်ရှိသော် အ ဘယ်ကဲ့သို့ ပြုလုပ်ကြပါကုန်သနည်း ...

အမတ်များ —— အရှင်မင်းမြတ် ရှေးရှေးသော မင်းတို့ လက်ထက်၌ မိုးဃ် မရွာသည် ရှိသော် အ လှူကိုပေးပြီးလျှင်* အသရေရှိသောတိုက် ခန်းတွင်း၌ နေ၍ သမန်းမျက်အခင်းပေါ် တွင် ၇-ရက် ပတ်လုံးအိပ်ကုန်၏။ ထိုသို့ပြု လုပ် သော အ ခါ မိုဃ်း ရွာ လာ ပါ သည် ဘုရား။

မင်းကြီး —— ထိုအခါ မင်းကြီးသည် တိုင်းသူပြည် သား တို့အား အသင်တို့ ဘာမျှမစိုးရိမ်ကြ လေနှင့်၊ မိုဃ်းရွာစေရန်အလို့ငှါ ရှေးမင်း တို့ပြုလုပ်သည်အတိုင်းပြုလုပ်ပါအံ့အသင် တို့ ကောင်းစွာ ပြန်ကြပါကုန်ဟု နှစ် သိမ့် ပြောဆို၍ ပြန်စေခလသည်။

---

* အသရေရှိသောတိုက်ခန်းဆိုသည်မှာရှေးအခါကသိရိနတ်သွီးကို အစွဲပြု၍ ထိုနတ်သွီးကိုရည်မှန်းပြီးခင်းအပ်သောနေရာဖြစ်သည်၊ ထိုမှ တစပာစ ကြက်သရေ ရှိသော တိုက်ခန်း အသရေရှိသော တိုက်ခန်းဟူ၍ ခေါ်ဆိုလျက် နန်းတော် ကျောင်း အိမ် စသည်တို့၌သီးသန့်၍ကောင်းစွာ ထားအပ်သော နေရာဖြစ်သည်။ ဘုရားခန်း မ ဟု တ် သ ည် ကို လ ည်း သတိပြုရမည်။

ကာလိင်္ဂမင်းသည် ထိုသို့ တိုင်းသူပြည်သားတို့အား ဂတိပြုပြီးနောက် ဂတိအတိုင်း အလှူကိုပေး=သီလကို ဆောက် တည် ပြီး လျှင် အ သ ရေ ရှိ သော တိုက် ခန်း တွင်းသို့ ဝင်၍ သမန်းမျက် အခင်း ပေါ် တွင် ၇=ရက် ပတ်လုံး အိပ်နေ၏။ ထိုသို့ ပြု သော်လည်း မိုးသည်း မရွာပေ။ ထိုကြောင့် မင်းကြီးသည် အမတ်တို့ကိုတဖန် ခေါ်စေ၍ မေးမြန်းပြန်သည်မှာ....

မင်းကြီး —— အမတ်တို့၊ ကျွန်ုပ်သည်ပြည်သူ တို့အလို အတိုင်းပြုလုပ်ဘွယ်ရာဟူသမျှတို့ကိုပြုလုပ် ပြီးပါသော်လည်းမိုးသည်းကားမရွာပေ သို့ ဖြစ် သောကြောင့် မိုးရွာစေရန် အ ဘယ်ကဲ့သို့ ပြုလုပ်ရပါအံ့နည်း။.....

အမတ်များ —— အရှင် မင်းကြီး အကြောင်းတခုကား ရှိပါ၏။ထိုအကြောင်းကားဇမ္ဗူဒီပတွင်ပြည်၌ ဓနဉ္စယ ကောရဗျ မင်းကြီး ထံတော်တွင် အဉ္စနဝဏ္ဏ အမည် ရှိ သော မင်္ဂလာ ဆင် တော် သည် ရှိ ၏၊ ထို ဆင် ကို ရ အောင် ဆောင်ယူ ကြ ပါအံ့၊ ထိုသို့ ဆောင် ယူ ၍ မင်္ဂလာဆင်တော် ဤတိုင်းပြည်သို့ ရောက် လျှင် မိုးသည်းရွာပါလိမ့်မည်ဘုရား

မင်းကြီး —— အ မ တ် တို့၊ ထို ဓ နဉ္စ ယ ကော ရ ဗျ

မင်းကြီးသည် အင်အားကြီးမားသော စစ်သည်ဗိုလ်ပါ ယာဉ်လျဉ် အမျိုးမျိုးတို့နှင့် ပြည့်စုံ၏၊ (၁၀) အင်အားဘောင့်တင်း၏။ ထိုမင်းကို တိုက်ခိုက်အောင်နိုင်ခဲ၏၊ သို့ဖြစ်သောကြောင့် ထိုမင်း၏ ဆင်တော်ကို အဘယ်သို့လျှင် ဆောင်ယူနိုင်ပါအံ့နည်း။

အမတ်များ —— အရှင်မင်းမြတ် ထိုမင်းနှင့် အတူတကွ ယှဉ်ပြိုင် စစ်ထိုးဘွယ်ရာမရှိပါ၊ ထိုနေဝူယကောရဗျ မင်းသည် အလှူဒါန ပြုခြင်း၌ အလွန်နှစ်သက်ပေ၏။ အကယ်၍ အလိုရှိ၍ တောင်းခဲ့လျှင် တန်းဆာဆင်အပ်သော ဦးခေါင်းကိုသော်လည်း ဖြတ်ဘောက်၍ ပေးလှူရာ၏။ ပသာဒ ရုပ်နှင့် ပြည့်စုံကုန်သော မျက်လုံးကိုလည်း ပေးလှူရာ၏။ ထီးနန်း တိုင်းပြည်ကို အလိုရှိလျှင်လည်း အလုံးစုံ ဆောင်နှင်း၍ ပေးပေရာ၏။ ဆင်ကိုလှူရန်အတွက်မှာ ပြောဘွယ်ရာမရှိပါ။ တောင်းခဲ့လျှင် အမှန်မချွတ် ပေးမည်သာ ဖြစ်ပါသည်။

မင်းကြီး — အမတ်တို့၊ ဤသို့ ဖြစ်လျှင် အဘယ်သူ

တို့သည် ထိုဆင်တော်မင်္ဂလာကို တောင်း
ခြင်းငှါစွမ်းနိုင်ပါမည်နည်း။

**အမတ်များ—** အရှင်မင်းကြီး ပုဏ္ဏားတို့သည် ဆင်
တော်ကို အလှူခံရာ၌- စွမ်းဆောင်နိုင်ပါ
သည်ဘုရား။

ထိုသို့ လျှောက်ထားကြသောအခါ ကာလိင်္ဂမင်းသည် မိမိနိုင်ငံတော်အတွင်း၌ရှိကြကုန်သော ပုဏ္ဏားအပေါင်းတို့အနက် တတ် သိ လိမ္မာ ၍ သင့်လျော်လျောက်ပတ်မည်ထင်သော ပုဏ္ဏား( ၈ )ယောက်တို့ကိုရွေးချယ်၍ခေါ်ယူပြီးလျှင်၊ ပူဇော်သက္ကာရများစွာပြုကာ ချီးမြှင့်ပြီးနောက် ကောရဗျမင်းထံမှ ဆင်တော်အဥ္ဇနဝဏ္ဏကိုတောင်းယူရန် စေလွှတ်လိုက်လေသည်။

ပုဏ္ဏားတို့သည် မင်းကြီး မှာကြား စေလွှတ်သည်အတိုင်း ပြီးမြောက်အောင်ဆောင်ရွက်မည့်အကြောင်းကို လျှောက်ထားဝန်ခံကြပြီးလျှင်၊ လမ်းခရီး၌စားသုံးရန် ရိက္ခာ အပြည့် အစုံ ယူဆောင်ပြီး ခရီးသွားတို့၏အသွင်ကို ဆောင်လျက်- လမ်းခရီးတွင် တည်း၍တာမျှသာ တည်းခို၍ အရောက်သွားကြလေသည်။ ဣန္ဒပတ္တပြည်သို့ရောက်သောအခါ မြို့တံခါး၌တည်ရှိသောအလှူတင်းကုပ်၌ ၂-ရက်၊ ၃-ရက် ပေတ်လုံး စား သောက်နေထိုင်ကာ စောင့်ဆိုင်းနေပြီးနောက်၊ မင်းကြီးသည်

အလှူတင်းကုပ်သို့ မည်သည့်အခါ ထွက်ပါသနည်းဟု စုံစမ်းမေးမြန်းကြလေသည်။

ထိုအခါ လူအပေါင်းတို့က မင်းကြီးသည် ပက္ခဖြစ်သော ၁၄-ရက်၊ ၁၅-ရက် တို့၌၎င်း။ ၈ရက်ဖြစ်သော နေ့များ၌၎င်း ဤသုံးပါးသော နေ့တို့၌ ထွက်တော်မူလေ့ရှိ၏။ နက်ဖြန်ခါ၌ကား တဆယ့် ငါး ရက်မြောက်သော လပြည့်နေ့ပေတည်း။ ထိုကြောင့် နက်ဖြန်ခါ၌ ထွက်တော်မူသာပေအံ့ဟု ပြောကြကုန်၏။ ထိုသို့ပြောဆိုကြသောအခါ ပုဏ္ဏားတို့သည် လပြည့်နေ့၏ မိုးသောက် အလင်းရောက်သောအခါ နံက်စောစောကပင်သွား၍ မြို့ အရှေ့မျက်နှာ တံခါး၌ စောင့်နေကြကုန်၏။

**ကောရဗျ မင်းကြီး အလှူ တင်းကုပ်သို့ ထွက်တော် မူခန်း**

အလောင်းတော် ကောရဗျ မင်းကြီးသည် နံနက်စောစောကသာလျှင် ရေးမိုးသုံးသပ်၍၊ ကိုယ်ကိုလိမ်းကျံဘွယ်တို့ဖြင့် လိမ်းကျံလျက်၊ အလုံးစုံသော တန်ဆာတို့ကို ဆင်ယင်ပြီးလျှင်၊ တန်ဆာ အပြည့်အစုံဆင်အပ်သော မင်္ဂလာဆင်တော်၏ကျောက်ကုန်းထက်၌ စီးနေတော်မူပြီးကာ များစွာသောအခြံအရံဖြင့် အရှေ့မျက်နှာတံခါးရှိအလှူတင်းကုပ်သို့သွားလေသည်။

အရှေ့တင်းကုပ်သို့ရောက်သောအခါ ဆင်ပေါ်မှ

ဆင်းသက်ပြီးလျှင်- ၇-ယောက်၊ ၈-ယောက် သော လူတို့အား မိမိလက်တော်ဖြင့် ထ မင်း ဟင်း ကို ယူ၍ ပေးကမ်းကာ ဤသို့သော နည်းဖြင့် သာ လျှင် ပေးလှူ ကြကုန်လော့ဟု မိန့်ဆိုတော်မူ၍၊ ဆင်ပေါ်သို့ တဖန် တက်ပြီးလျှင်၊ တောင်မျက်နှာတံခါးရှိ အလှူတင်းကုပ် သို့ သွားပြန်၏။

ထိုအခါပုဏ္ဏားတို့သည် အ ရှေ့ မျက် နှာ တံခါး၌ အစောင့် အရှောက် အားကြီးသဖြင့် မင်းကြီးနှင့်တွေ့ နိုင်ရန် အခွင့်မသာသောကြောင့်၊ တောင်မျက်နှာ တံ ခါးသို့ပင်လျှင် သွားရောက်၍၊ မင်းကြီး၏ကြွလာမည့် လမ်းကိုကြည့်မျှော်လျက်၊ တံခါး၏အနီးဖြစ်သော မြင့် မောက်သောနေရာ၌ရပ်နေကြကုန်၏။ ထိုနောက်မင်း ကြီး ချောက် လာ သည် ကို မြင် သော အ ခါ လက်ကို မြှောက်ပင့်၍.....

" ဇေယျတုဘဝံ မဟာရာဇ မြတ်သော မင်းကြီး အရှင်မင်းကြီးသည် အောင် မြင် စေ သ တည်း " ဟု အောင်ဆုကိုပေးကုန်၏။

ထိုအခါ ကောရဗျ မင်းကြီးသည် ဝရဇိန် အသွား တတ်သောချွန်းဖြင့် ဆင်တော်ကို ပြန်လည်၍ဆုတ်စေ ပြီးလျှင် ပုဏ္ဏားတို့၏အထံသို့ လာရောက်ခါ မေးမြန်း သည်မှာ......၊

ကောဒရချမင်း — အိုပုဏ္ဏားတို့ အသင်တို့သည် အဘယ် အရာကို အလိုရှိကြကုန်သနည်း.....!

ပုဏ္ဏားတို — ထိုအခါပုဏ္ဏားတို့သည် ဘုရင်မင်းမြတ်၏ ဂုဏ်ကျေးဇူးကို ချီး ကျူး ၍ ပြော ဆိုသည်မှာ၊လူများအပေါင်း ဦးခေါင်းညွှတ်ခါ အစိုးရတော်မူသော အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ကုံ၊ ကံ၏အကျိုးကို ကိုးစား ယုံ ကြည် သော သဒ္ဓါတရားကိုရင်း၊ စောင့်ထိန်းအပ်သောသီလကိုရင်း၊ ကြားသိကုန်သောကြောင့်၊ မျက်စဉ်းတောင်ကဲ့သို့ ညိုရောင် လက်လက် ဖိတ်ဖိတ် ထွက်သော အဆင်း ရှိသည့် အရှင်မင်းမြတ်၏ မင်္ဂလာဆင်တော်ကို အကျွန်ုပ်တို့ကာလိင်္ဂမင်း၏ထံတော်မှ ရွှေ ငွေ စ သော ဝတ္ထု ပစ္စည်းတို့ဖြင့် လဲလှယ်တော်မူပါ၊ ထိုသို့သောအကြောင်းကြောင့် အရှင်မင်းမြတ်၏ထံတော်သို့ လာရောက်ကြပါကုန်၏။

ကောဒရချမင်း — အို....ပုဏ္ဏားတို့.. .အသင်တို့သည် ဤဆင်ကို ရွှေငွေ စ သည် ဖြင့် လဲ လှ ယ် ၍ ကျွန်ုပ်သည် ပစ္စည်းဥစ္စာ စု ဆောင်း လိမ့်မည် ဟု မ ထင် ကြ ကုန် လင့်။ တန်း ဆာ

ဆင်မြတ်တိုင်း သာလျှင် ဖြစ်သော ဤဆင်ကို အသင်တို့အား ပေးလှူပေအံ့။ မစိုးရိမ်ကြကုန်လင့်ဟု မိန့်ကြားကာ ပုဏ္ဏားတို့အား စိတ်သက်သာရာကိုရစေ၏။

**ဆင်တော်လှူပုံ**

ဆင်လှူရာ၌ ကောရချ မင်းကြီး မိန့်ကြား တော်မူပုံ

အသင်ပုဏ္ဏားတို့....လောက၌အစာ ထမင်းဟင်းကျွေးမွေးခြင်းဖြင့်မွေးမြူသော သတ္တဝါဖြစ်စေ ထိုသို့မကျွေးမွေး မမွေးမြူရသော သတ္တဝါ ဖြစ်စေ၊ ရှိကြ ကုန် ၏၊ ထို နှစ်မျိုးနှစ်စား ရှိကြရာတွင် ဤလူ့ပြည်၌၊ တစုံ တ ရာ လှူဘွယ် ဝတ္ထုကို အ လို ရှိသော အ လှူ ခံ ပုဂ္ဂိုလ် သည် ထိုသဒ္ဓါ ရှေ့ရှု၍ ပေး လှူ သော အလှူရှင် ထံသို့ တစုံ တခု လှူလိမ့် နိုးဖြင့် ချဉ်းကပ် သွားသည့် အခါ၊ ဖယ် လေ-သွားလေ-မလှူပေ ဟုဆိုကာ မလှူဘဲ အလှူခံကို မပယ်သင့်ပေ။ အခွင့် အားလျော်စွာ ပေး လှူရာ၏။ ဤသို့ ပြောဆိုသောစကား သည်ကား ကျွန်ုပ်၏ လက်ဦးဆရာ ဖြစ်သော မာတာပီတ၊ မိဘနှစ်ပါး တို့၏ ဆိုဆုံးမသော စကားပေတည်း။

သို့ဖြစ်သောကြောင့်၊ ပြည့်ရှင်မင်းတို့
နှင့်သာ ထိုက်တန်၍၊ ပြည့်ရှင် မင်းတို့၏
အသုံးအဆောင် ဖြစ်သော၊ ဤဆင်တော်
ကို ဆေးသမား ၅၀၀ နှင့် တကွ ပြုံး ပြုံး
ပြက်ပြက် အရောင် လက် သော၊ ရွှေကွန်
ရက်ဖြင့် ဖုံး လွှမ်း လျက်၊ များပြား လှစွာ
သော အဆင်တန်းဆာတို့ကို ဆင်ပြီးလျှင်
တတ်သိလိမ္မာသော၊ ဆင်ဆရာများနှင့်
တကွ၊ အသင်တို့အား ကျွန်သည် ပေးလှူ
ပါ၏။ အ သင် တို့ သ ဘော အ တိုင် း ၊
ယူဆောင်၍ သွားကြပါလေလော့....ဟု
ပြောဆိုကာ ရက်ရောစွာပေးလှူလိုက်၏။

ထိုသို့လှူပြီးနောက်၊ တဖန်ဆင်၏ကျောကုန်းထက်
မှ၊ သက် ဆင်း တော် မူ ပြီး ဆင်တော်ကို တန်းဆာ
ဆင်ထားသည်မှာ အကုန်စုံပါ၏လော၊ ဘယ်နေရာ
မှ လစ် လပ် နေ ပါ သေး သ နည်း ဟု၊ ကိုယ် တော်
တိုင် သုံးကြိမ်တိုင်တိုင် ဆင်တော်ကို လက်ရာရစ်လှည့်
၍၊ ကြည့်ရှုပြန်လေသည်။ ကြည့်ရှု၍ အားလုံးတခုမကျန်
ပြည့်စုံ၍ နေရာလပ်မရှိသည်ကို မြင်တော်မူသောအခါ
မှ၊ ဆင်တော်၏ နှာမောင်းကို ကိုင်လျက်၊ ပုဏ္ဏားတို့
လက်၌ နှာမောင်းကို ထား ကာ၊ ရွှေကရား နှင့် ပန်း

နံ့သာ ထုံသောရေဖြင့်၊ ရေစက်သွန်းချလေသည်။

ကာလိင်္ဂတိုင်းပြည်၌

ဆင်တော် ရောက်သော်လည်း မိုးသည်းကား မရွာပေ

ထိုကဲ့သို့ ဆင်တော်ကိုပေးလှူလိုက်သောအခါ၊ ပုဏ္ဏားတို့သည် ဆင်၏အပေါ်သို့ တက်စီးကြပြီးလျှင်၊ ဒန္တပူရမြို့သို့ အမြန်ပြန်သွားကြလေတော့သည်။ ရောက်သောအခါ ကာလိင်္ဂမင်းမြတ်အား မင်္ဂလာ ဆင်တော်ကို အပ်နှင်းဆက်သကြကုန်၏။ ထိုမင်္ဂလာဆင်တော်ကို ဆောင်ယူလာ၍ ရောက်ရှိသော်လည်း၊ မိုးကား မရွာပေ။ ထိုအခါ ကာလိင်္ဂဘုရင်မင်းမြတ်သည် အခြားတတ်သိလိမ္မာ၍၊ ဥာဏ်အမြင်ကျယ်သော ပုဂ္ဂိုလ်တို့ကို ခေါ်စေ၍၊ ပြောဆိုသည်မှာ.....။

မင်းကြီး — အချင်းတို့...ဆင်တော်မင်္ဂလာရောက်လျှင် မိုးရွာမည်ဆိုသဖြင့် ဆင်တော်မင်္ဂလာကို၊ဇမ္ဗူဒီပတိုင်းပြည်ခကောရဗျမင်းထံမှ အလှူခံ၍၊ ယခု ဆင်တော် ရောက်သော်လည်း အဘယ်ကြောင့် မိုးမရွာပါသနည်း။


ပညာရှိများ — အရှင်မင်းကြီး၊ ကောရဗျမင်း၏ပြည်တွင် မိုးလေရာသီ မှန်ခြင်း ကောင်း

ခြင်းမှာ၊ ဤတိရစ္ဆာန် ဖြစ်သော ဆင်ကြောင့် မဟုတ်ပါ၊ ကောရဗျမင်းကြီး၏ စောင့် ထိန်းသော ဂုရုဓမ္မ သီလ တန်ခိုးကြောင့် သာ ဖြစ် ပါသည် ဟု လျှောက်ထားကြ၏။

မင်းကြီး — အချင်းတို့ ... ဤသို့ဖြစ်ပါမူကား၊ ဤတန်းဆာ ဆင်မြ ဖြစ်သော ဆင်ကို မူလ တန်းဆာဆင်မြအတိုင်း၊ ၎င်း၏အခြံအရံ အားလုံးနှင့်တကွ တဖန်ပြန်၍ ဆောင်ယူသွားပြီးလျှင် ကောရဗျမင်းကြီးအားပေး ဆက်ကြပါလေ။ ထိုသို့ပေးဆက်ပြီးနောက် ကောရဗျ မင်းကြီး၏ စောင့် ထိမ်း သော ဂုရုဓမ္မသီလကိုသာ ရွှေပြား၌ကောင်းစွာ ရေးသား၍၊ ယူ ခဲ့ ကြပါကုန်။ ထိုသို့မိန့်မှာပြီးလျှင် ပုဏ္ဏားတို့နှင့် တကွ တတ် သိ လိမ္မာသော အမတ်တို့ကိုပါ စေ လွှတ် လိုက်ပြန်လေသည်။

## ဂုရုဓမ္မပြည်

ဂုရုဓမ္မသီလကို ကောရဗျ မင်းထံ တောင်းခံ — ကာလိင်္ဂမင်းသည် ထပ်မံ၍ တဖန်စေလွှတ်ပြန်သောအခါ၊ ပုဏ္ဏားတို့နှင့်အမတ်တို့သည် ကာလိင်္ဂမင်း အမိန့် အတိုင်း၊



ကျွန်ုပ်သည် ခင်ပွန်းဖြစ်သောမင်းကြီး မြို့သို့သွားသည့်လည်းသည့်ကို ခြသေ့ခံသော လေသာပြူတင်းမှထွက်၍ကြည့်နေစဉ်၊ မင်းကြီး၏နောက်မှ ဆင်ပေါ်တွင်ထိုင်၍လိုက်ပါလာသော အိမ်ရှေ့မင်းကိုမြင်သည့်အခါ....

မဂ်သာ ဆင်တော်ကို ပြန်၍ ဆောင် ယူ သွား ကြ ပြီး -
ဣန္ဒပတ္တပြည်သို့ ရောက်သော အခါ ကောရဗျမင်းကြီး
ထံသို့ ဝင်၍ အလုံးစုံ လျှောက်ထားကြပြန်သည်မှာ...

တမန်များ — အရှင်မင်းကြီး ..... ဤ ဆ င် တေ ာ်
မဂ်လာကို ယူဆောင် သွား သော် လည်း
အကျွန်ုပ်တို့ ကာလိင်္ဂ တိုင်း ပြည် ၌ မိုးဩ
သည်းကား မရွာပါ .....သို့ဖြစ်ပါသော
ကြောင့် အရှင်မင်းကြီး ထံတော်သို့ ပြန်၍
ပို့ဆက် လာပါ သည် ဘုရား. . . ဤ ဆင်
တော်ကို အလိုမရှိတော့ပါ။

ကောရဗျမင်း — တမန် တော်တို့...... အသင်တို့သည်
မိုးဩးရွာစေခြင်း အလို့ငှါ ဤဆင်တော်ကို
အလိုရှိခြင်းဖြစ်သလော။...

တမန်များ — အရှင်မင်းမြတ်..... မှန် ပါ သည် အ
ကျွန်ုပ်တို့ တိုင်း ပြည် ၌ မိုးဩး မရွာ သော
ကြောင့် အချို့သော အမတ်တို့က အရှင်
မင်းမြတ်၏ * အဥ္စနဝဏ္ဏ အမည် ရှိသော
ဆင်တော် မဂ်သာ ရောက် လျှင် မိုးဩး ရွာ

---

* ဤနေရာ၌ ယုတ္တိ မရှိသော အရာကို ယုံကြည်မှုဖြင့် မလိမ်မာ၍
နှစ်ခါ မေ့ရသည်ကို သတိပြုရာသည်။

မည်ဆိုသောကြောင့် အလှူခံ လာရခြင်း ဖြစ်ပါသည် ဘုရား။

ကောဍ္ဍရဗျမင်း — တမန်တို့.....မည်သို့ပင် ဖြစ်စေ သင်တို့၏ ဆန္ဒအတိုင်း ရှိစေလော့။

တမန်များ — အရှင် မင်း မြတ်....အကျွန်ုပ်တို့ တိုင်းပြည်၌ ထိုကဲ့သို့ မိုးခေါင်သောကြောင့် လူအပေါင်းတို့သည် အလွန်လျှင် ဆင်း ရဲ ပင်ပန်းကြကုန်၏။ အရှင်မင်းကြီး၏တိုင်းပြည်၌ မိုးခေါင်း လေ ရာသီ မှန်ခြင်းမှာ ဆင်တော်ကြောင့် မဟုတ်ဘဲ အရှင်မင်းကြီး၏ စောင့်ထိန်းသော သီလ ကြောင့်ဟု သိရပါသောကြောင့် – ထို အရှင် မင်းကြီး၏ စောင့် ထိန်း သော ဂရုဓမ္မ သီလ ကို သာ အကျွန်ုပ်တို့အား ပေးတော်မူပါ။

ကောဍ္ဍရဗျမင်း — တမန်တို့...ကျွန်ုပ်သည် ဂရုဓမ္မ သီလကို စောင့် ထိန်း သည် ကား မှန် ပေ ၏။ ထိုသို့ စောင့်ထိန်းသော်လည်း ယခုအခါ ထို ကျွန်ုပ် စောင့်ထိန်းသော သီလ၌ စင်ကြယ်သည်ဟု မထင်ဘဲ သံ သ ယ ဖြစ် နေပါသည်၊ ထိုသို့သံသယဖြစ်နေပါလျက်နှင့် သင်တို့အား ပေးခြင်း ငှါ မဖြစ် နိုင် ပါ။

တမန်များ — အရှင်မင်းကြီး...အရှင် မင်းကြီးသည် ဂရုဓမ္မ သီလကို ကောင်းစွာ စောင့်ထိန်း သည်ဟု သိရပါသည်။ ထိုသို့ ဖြစ်ပါလျက် အဘယ်ကြောင့် မစင်ကြယ်ဟု သံသယ ဖြစ်ပါသနည်း....။

ကောရချမင်း — တမန်တို့....ကျွန်ုပ်စောင့်ထိန်းသော သီလ၌ သန့်ရှင်း စင်ကြယ်သည်ဟု မထင် ဘဲ သံသယ ဖြစ်ရသည့် အကြောင်းကား ဤသို့တည်း..... ၃-နှစ် လျှင် တကြိမ်ကျ ထန်ဆောင်မုန်းလ၌ ပွဲ သဘင်သည် ဖြစ် ပါ၏။ ထို ပွဲ သ ဘင် ၌ ပြည့် ရှင် မင်း အ ပေါင်းတို့သည်ကစားပျော်ပါးကြကုန်၏ ထိုသို့ ကစားပျော်ပါးကြကုန်သော မင်း အပေါင်းတို့သည်၊ နတ်၏ အသွင် ကဲ့သို့ သော ဝတ်စားတန်ဆာ အစုံတို့ကို ဝတ် ဆင်ကြလျက်၊ စိတ္တရာဇ၊ အမည်ရှိသော ဘီလူးမင်း၏ အထံ၌ တည်နေကြပြီးလျှင် လေးပါးသော အရှပ်မျက်နှာ တို့သို့ ပန်း များ ဖြင့် တန်ဆာ ဆင် အပ် သော မြှား တို့ကို ပစ်လွှတ်ကြကုန်၏။

ထိုကဲ့သို့ မြွားတို့ကို ပစ်လွှတ်ကြသော နေ ရာ သည် ကား တခု သော တ ဘက် ဆည်ကန်၏ ကန်ပေါင်ပေါ်၌ ဖြစ်သော ကြောင့်၊ အရပ် လေးမျက်နှာ တို့ကို ပစ် လွှတ်ကြသောအခါ၊ လေးစင်းသောမြွား တို့အနက်၊ သုံးစင်းသော မြွားတို့သာ မြင် ရသော်လည်း၊ ရေပြင်ထဲသို့ပစ်လွှတ်သော မြွားကိုမူကား မတွေ့မမြင်ရပါ။ ထိုကြောင့် ကျွန်ုပ်၏စိတ်၌၊ ငါ ပစ်လွှတ် သော မြွား သည်၊ ငါး များ ၏ ကိုယ်ပေါ်သို့ ထိမှန် ကျရောက်လေ သလောဟု သံ သ ယ ဖြစ် နေပါ၏။ အကယ်၍ ကျွန်ုပ်ပစ်သောမြွား သည်၊ ငါးတို့အား ထိမှန်ခဲ့လျှင် ပါဏာတိ ပါတ ကံဖြင့် မိမိစောင့်ထိန်းသော သီလ သည် ပျက် လေ ပြီ လေ သ ဟု ကျွန် ုပ် စောင့်ထိန်းသော ဂရုမဲ့ သီ လ ကို စင် ကြယ်သည်ဟု မနှစ်သက် နိုင်ဘဲ ရှိနေပါ သည်။ သို့ ဖြစ်သောကြောင့် အ သင် တို့ အား ကျွန်ုပ် စောင့် ထိန်းသော သီလကို ပေးရန် မဖြစ်နိုင်ပါဟု မိန့်တော်မူ၏။

တမန်များ — မြတ်သော မင်းကြီး....အရှင်မင်းကြီးသည် သတ္တဝါတို့အား သတ်လိုသော စေတနာမရှိပေ၊ ထိုသို့ သေစေလိုသော စေတနာမရှိခြင်းကြောင့်၊ ပါဏာတိပါတကံကည့် မဖြစ်ပါ (ဤနေရာ၌ မည်သည့် စိတ်ဆန္ဒမျှ မရှိခြင်း၊ မ ပြစ် မှား ခြင်း ကို ဆိုလိုသည်)။ အကျွန်ုပ် တို့အား အရှင်မင်းကြီး စောင့်ထိန်းသော ဂရုဓမ္မ သီလကိုသာပေးတော်မူပါ။

ကောရဗျမင်း — အမောင်တို့....ဤသို့ဖြစ်လျှင်၊ သင်တို့၌ပါသော ရွှေပြားတွင် ရေး၍ ယူကြလေ လော့ ဟု မိန့် ဆို ကာ အောက်ပါ အတိုင်း ရေးစေလေသည်။

**ဂရုဓမ္မသီလ။**

**ပါဏော၊နဟန္တဗ္ဗော၊အဒိန္နံ၊နာဒါ**
**တဗ္ဗံ၊ ကာမေသု မိစ္ဆာစာရာ၊ နစရိ**
**တဗ္ဗော၊ မုသာဝါဒါ၊ နဘာဏိ တဗ္ဗော၊**
**မဇ္ဇံ၊ နပါရိတဗ္ဗော၊**

ပါဏော၊ သတ္တဝါကို၊ နဟန္တဗ္ဗော၊ မသတ်အပ်။ အဒိန္နံ၊ အရှင်မပေးသော သူတပါး ပစ္စည်းကို၊ နဒါတဗ္ဗံ၊ မခိုးယူအပ်။ ကာမေသု မိစ္ဆာ စာ ရာ၊ သူတပါး

၉၂၀၈
ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

သားမယား သားသမီးတို့အား၊ လွန်ကျူးခြင်း အမှုကို၊ နစရိတဗ္ဗာ၊ မပြုကျင့်အပ်၊ မုသာ ဝါဒါ၊ မဟုတ်မမှန် သောစကား ပြောဆိုခြင်းကို၊နဘာဏိတဗ္ဗါ၊ မပြောမဆို အပ်။မဇ္ဇ၊သေရည်သေရက်သောက်စားခြင်းကို၊နပါယိ တဗ္ဗံ၊ မသောက်စားအပ်။

ဆိုလိုရင်းအဓိပ္ပါယ်မှာ၊ သူတပါး အသက် ကို မ သတ်အပ်၊အရှင်မပေးသော သူတပါး ပစ္စည်းကို မခိုး ယူအပ်၊ သူတပါးသားမယား၊သားသမီးကို မကျူးလွန် မ စော် ကား အပ်၊ မဟုတ်မမှန် လုပ်ကြံသောစကား လိမ်လည်သောစကားများကို မပြောဆိုအပ်၊သေရည် သေရက် အစရှိသော ယစ်မူးစေတတ်သော အရာတို့ ကို မသောက်စားအပ်၊....ဟူ၍ ဖြစ်၏။ ငါးပါး သီလ အတိုင်းပင်ဖြစ်သည်။

ထိုသို့ရေးစေပြီးနောက် ကောရဗျမင်းကတဖန်မိန့် တော်မူပြန်သည်မှာ...... အချင်းတို့....ယခုလို ပေးရ သော်လည်း...ကျွန်ုပ်၏ စိတ် တွင် စင်ကြယ် သည်ဟု မနှစ်သက်နိုင်သေးပါ။ထို့ကြောင့် သင်တို့သည် ကျွန်ုပ် ၏ မယ်တော်မိဖုရားကြီးထံ၌ ဂရုဓမ္မသီလကို သွား၍ တောင်းကြပါလေ။ ကျွန်ုပ်၏မယ်တော်သည် ဂရုဓမ္မ သီလကိုကောင်းမွန် စင်ကြယ်စွာ စောင့်ထိန်းပေ၏ဟု မိန့်ကြားတော်မူလိုက်လေသည်။

## ခလေးများအတွက်
## ဖြေကြားရန် မေးခွန်းများ။

၁။ ကောရဗျမင်းကြီးသည်မည်သူ၏ ဆုံးမသွန် သင်သောစကားကို အလေးဂရုပြုပြီး ဤကဲ့သို့ ဆင်တော်မင်္ဂလာကို ပေးလှူသနည်း

၂။ ကောရဗျမင်းကြီးသည် ဆင်ကို လှူသည့် အခါ ဆင်ကြီး သက်သက် လှူသ လော၊ အ ခြား မည်ကဲ့သို့သော ပစ္စည်းများကို ထည့်၍ လှူသေးသနည်း။

၃။ ကောရဗျမင်းသည် ဘယ်လို အကျင့် သီလ မျိုးကို စောင့်ထိန်းပါသနည်း။

၄။ ထိုမင်းကြီးသည် သူ၏ စောင့် ထိန်း သော သီလကိုစင်ကြယ်သည်ဟုနှစ်သက်ပါ၏လော။

၅။ ဘာကြောင့် မသန့်ရှင်း မစင်ကြယ်ဟု သံသ ယ ဖြစ်ရပါသနည်း။

၆။ ဂုရုဓမ္မ သီလဆိုသည်မှာ ဘယ်လို သီလမျိုး ဖြစ်ပါသနည်း၊ ထိုသီလသည် မည်သည့် အရာ များကို ရှောင်ကြဉ်ရန် ပညတ်ပါသနည်း။

၇။ ကောရဗျမင်းသည် တိုင်းပြည် အုပ် ချုပ် ရာ တွင် ဘယ်အရာကို အဓိက ထား၍ အုပ်ချုပ်ပါ သနည်း။

မယ်တော် မိဖုရားကြီးသည် မိမိ၏ စောင့်ထိန်းသောသီလ၌ သံသယဖြစ်ပုံ

တမန်တော်တို့သည် ဘုရင်မင်းမြတ်၏ ညွှန်ကြားတော်မူသည့်အတိုင်း၊ မယ်တော်မိဖုရားကြီးထံသို့ သွားရောက်ကြပြီးလျှင် မယ်တော်မိဖုရားကြီးနှင့် ပဋိသန္ဓာရစကားများပြောဆိုကြပြီးနောက်၊ တမန်တို့က ပြောဆိုသည်မှာ —

တမန်များ —— အရှင်မိဖုရား....အကျွန်ုပ်တို့သည် ဤသို့ လာရောက်ကြရခြင်း အကြောင်းကား အကျွန်ုပ်တို့၏ ကာလိင်္ဂတိုင်းပြည်၌ မိုးခေါင်လွန်းသောကြောင့်၊ လူအများတို့သည် အလွန်လျှင် ဆင်းရဲဒုက္ခ ရောက်ကြကုန်၏။ ထိုကြောင့် မိုးရွာစေခြင်းအကျိုးငှါ၊ အရှင်မတို့၏စောင့်ထိန်းသော ဂရုဓမ္မသီလကို အလိုရှိသောကြောင့် ဖြစ်ပါသည်။

မယ်တော် —— အမောင်တို့..... ကျွန်ုပ်သည် ဂရုဓမ္မသီလကို စောင့်ထိန်းသည်ကားမှန်ပေ၏၊ သို့ဖြစ်သော်လည်း ယခုအခါ ကျွန်ုပ်၏ စိတ်၌ ထိုကျွန်ုပ်စောင့်ထိန်းသော သီလကို စင်ကြယ်သည်ဟု မထင်ဘဲ သံသယဖြစ်နေပါသည်။

တမန်များ — အရှင်မ.... အဘယ်ကြောင့် အရှင်မ စောင့်ထိန်းသော သီလကို မစင်ကြယ်ဟု သံသယ ဖြစ်ရပါသနည်း တဆိတ် အမိန့် ရှိတော်မူပါ။

မယ်တော် — အမောင်တို့...... ကျွန်ုပ်စိတ်တွင် မိမိ စောင့်ထိန်းသော သီလ၌ မ စင် ကြယ် ဟု သံသယ ဖြစ်ရခြင်း အကြောင်းကား ဤ သို့တည်း. ..ကျွန်ုပ်တွင် သားနှစ်ယောက် ရှိပါ၏၊ ထို သား နှစ် ယောက် တို့ တွင် သားအကြီးသည်ကား၊ ယခု ဘုရင်မင်း မြတ်ပင်ဖြစ်၍၊ အငယ်မှာ အိမ် ရှေ့ မင်း ဖြစ်ပါ၏။ ထိုသားနှစ်ယောက်တို့ အနက် သားကြီးဖြစ်သော ဘုရင်မင်းမြတ် ထံသို့ အခြားသော တိုင်းပြည်မှမင်းတပါးသည် အဘိုး တသိန်း ထိုက် တန် သော စန္ဒကူး နှစ် နှင့်၊ အ ဘိုး ထ ထောင် ထိုက် တန် သော ရွှေပန်းခိုင်ကို တမန်များ စေလွှတ် ၍၊ ပို့ဆက်လာပါ၏။

ထိုသို့ ပို့ ဆက် လာ သော ပ စ္စည်း ကို သားတော် ကောရဗျမင်းကြီးသည် မယ် တော်ဖြစ်သော ကျွန်ုပ်အား ပူဇော်အံ့ ဟု

ကြံစည်၍။ ထိုရသမျှသော ပစ္စည်းတို့ကို ကျွန်ုပ်ထံသို့ စေလွှတ်၍ပေးပို့စေပါသည်။ ထိုအခါ ကျွန်ုပ်သည် စန္ဒကူး စသော အမွှေးအထုံတို့ကိုလည်း မလိမ်းကျံလို၊ ပန်းကိုလည်း မပန်ဆင်လိုတော့သဖြင့်၊ ချွေးမတော်တို့ကိုသာ ပေးအံ့ဟု ကြံ၏။ ထိုသို့ ကြံပြီးနောက် ကျွန်ုပ်၏ စိတ်တွင် ယခုလို ဖြစ်ပေါ်လာပါသည်။ ဖြစ်ပေါ် လာပုံကား.....

"ချွေးမ အကြီးသည် တိုင်းပြည်ကို အစိုးရသော ဘုရင်၏ မိဖုရားကြီး ဖြစ်၏။ ထိုကြောင့် အစစ ပေါများပြည့်စုံပြီး ဖြစ်၏။ သို့ဖြစ်၍ အဘိုး တထောင်သာ ထိုက်တန်သော ရွှေပန်းခိုင်ကိုပေးအံ့။ ချွေးမအငယ်ဖြစ်သော အိမ်ရှေ့မင်း၏ မိဘုရား မှာမူကား၊ ချွေးမအကြီးနှင့်စာလျှင်ဆင်းရဲ၏၊ ချွေးမအကြီး ဖြစ်သော မိဖုရားကြီးလောက် မပြည့်စုံပေ၊ ထိုကြောင့် အဘိုးတသိန်းထိုက်တန်သော စန္ဒကူးနံ့သာနှစ်ကို ပေးအံ့ဟု ကြံစီပြီးလျှင်၊ သား အကြီးဖြစ်သော ဘုရင်မင်းမြတ်၏ မိဖုရားကို

အဘိုးတထောင်သာ ထိုက်တန်သော ရွှေပန်းခိုင်ကိုပေး၍၊ ချွေးမအငယ် ဖြစ်သော အိမ် ရှေ့ မင်း မိဖုရား ကို အဘိုး တသိန်း ထိုက်တန်သောစန္ဒကူးနှစ်ကိုပေးမိပေ၏။

ထို သို့ ပေး ပြီး နောက် ကျွန်ုပ်၏ စိတ်တွင် စဉ်စားမိသည်မှာ၊ ငါသည်-ဂရုဓမ္မသီလ ကို စောင့် ထိန်း ၏။ ထို သို့ စောင့်ထိန်းပါလျက်၊ ချွေးမတော်တို့၏ ဆင်းရဲသောအဖြစ်၊ ချမ်းသာသော အဖြစ်သည် အကြောင်း မဟုတ်ပေ၊ ငါနှင့် မဆိုင်ချေတကား...အမျိုးအနွယ်တခု၌ ကြီးသောသူ တို့ အား သာ အရိ အ သေ ပြု ရ ခြင်း တည်းဟူသော အမှုသည် သာ လျှင် အကြောင်း ဟုတ် မှန် သင့် မြတ် ပေ ၏ ဟု စဉ်းစားမိပါ၏။ ထိုသို့စဉ်းစားပြီးနောက် ချွေးမတော် တို့အား မပြု အပ် သော အမှုကို ပြုမိချေပြီ၊ ဤသို့ မပြုအပ်သောအမှုကို ပြုမိခြင်းကြောင့် ငါ၏သီလသည် ပျက်စီးလေသလောဟု-ကျွန်ုပ်စောင့်ထိန်းသော သီလကိုစင်ကြယ်သည်ဟုမနှစ်သက်နိုင်ဘဲ ရှိနေ ပါသည်၊ သို့ ဖြစ် သော ကြောင့် အ

မောင် တို့အား ကျွန်ုပ် စောင့်ထိန်းသော ဂရုဓမ္မ သီလ ကို ပေးရန် မ ဖြစ် နိုင်ပါဟု ပြောဆိုလေသည်။

တမန်များ — အရှင်မိဖုရား....အ ရှင် မ သည် မိ မိ ပစ္စည်းကို စေတနာ ရှိသည့် အတိုင်း ပေး နိုင်ပေ၏။ ဤ အ ကြောင်း ဖြင့် စိတ် တွင် သံသယဖြစ်ရန် မရှိပါ၊ အကျွန်ုပ်တို့အား သာ ထိုအရှင်မ စောင့်ထိန်းသော ဂရုဓမ္မ သီလကို ပေးတော်မူပါ။

မယ်တော် — အမောင်တို့.... ဤသို့ ဖြစ် ပါ မူ ကား ရေးမှတ်၍ ယူကြပါလေ....ဟုဆို၍၊ ရေး နည်း အတိုင်း ဂရုဓမ္မ သီလကို ရေး မှတ် စေ လေ သည်။ ထို သို့ ရေး မှတ် စေ ပြီး နောက် မယ် တော် မိဖုရား ကြီး က ဆက် လက်၍ ပြောဆိုပြန်သည်မှာ...အမောင် တို့ ကျွန်ုပ်သည် သင်တို့အားဤကဲ့သို့ ရေး မှတ် ယူစေရသော်လည်း ကျွန်ုပ်စိတ်တွင် မိမိစောင့်သော သီလကို စင်ကြယ် သည် ဟု မ နှစ် သက် နိုင် သေး ပါ၊ ထိုကြောင့် သင် တို့ သည် ကျွန်ုပ်၏ ချွေး မ ကြီး ဖြစ် သော ဘုရင်မင်းမြတ်၏ မိဖုရားကြီး ထံ၌

သွား၍ ဂရုဓမ္မ သီလကို တောင်း ကြပါလေ၊ ထိုချွေးမကြီးဖြစ်သော မိဖုရားကြီးသည် ဂရုဓမ္မသီလကို ကောင်းမွန် စင်ကြယ်စွာ စောင့်ထိန်းပေ၏ဟု ညွှန်ကြားလိုက် ပြန်လေသည်။

**ခလေးများအဘို့**
**ဖြေကြားရန် မေးခွန်းများ။**

၁။ မယ်တော်မိဖုရားကြီးသည်၊ ဘယ် လို သီလမျိုးကို စောင့်ထိန်းပါသနည်း။

၂။ မယ်တော်မိဖုရားကြီးသည်။ မိမိစောင့်ထိန်းသော သီ လ ကို စင် ကြယ် သည် ဟု ထင် ပါသလော။

၃။ ၎င်းသည် မိ မိ စောင့် ထိန်း သော သီလကို ပျက်စီးသည်ဟု သံသယ ဖြစ် စေ ရန် မည် သို့သော အရာကိုပြုလုပ်မိပါသနည်း။

၄။ ထိုမယ်တော်ကြီး ပြုလုပ်မိသော အရာသည် နည်းလမ်းကျပါ၏လော။

၅။ မင်းကြီးသည် ၎င်း၏မယ်တော်ထံသို့ ဘယ် အရာများကို ပို့စေပါသနည်း။

၆။ မယ် တော် သည် ပုဏ္ဏား တို့ အား ဂရုဓမ္မ သီလကို ပေးရသည်မှာ စိတ်ကြေနပ်ပါရဲ့လား။

၇။ တမန်တော်တို့က ဘယ်လိုပြောကြပါသနည်း။

ကောရဗျမင်း၏မိဖုရားသည်မိမိစောင့်သော သီလသံသယဖြစ်ပုံ — တမန်တော်တို့သည် - ဘုရင်မင်းမြတ်၏ မယ်တော်ကြီး ထံမှ ဂရုဓမ္မသီလကို ရေးမှတ်၍ ယူကြပြီး နောက် မယ်တော်ကြီး ညွှန်ကြား လိုက် သည့် အတိုင်း၊

ကောရဗျမင်း၏ မိဖုရားကြီးထံသို့ ဂရုဓမ္မသီလကို တောင်း ဆိုရန် သွားရောက်ကြလေသည်။ ရောက်သည့်အခါ ပဋိသန္ဓာရ စကား များ ပြော ဆိုကြပြီးနောက် တမန်တော်တို့က ပြောဆိုသည်မှာ....

တမန်များ — အရှင်မိဖုရား. ...အရှင်မသည် ဂရုဓမ္မသီလကို စောင့်ထိန်းသည်ဟု မယ်တော်မိဖုရားကြီးထံမှ ညွှန်ကြား လိုက် ပါ၏။ ထို့ကြောင့် အရှင်မ၏ စောင့် ထိန်းသော ဂရုဓမ္မသီလကိုတောင်းဆိုရန် လာရောက်ကြပါသည်။

မိဖုရား — တမန်တော်တို့. ...ကျွန်ုပ်သည်ဂရုဓမ္မသီလကို စောင့်ထိန်း သည်ကား၊ မှန်ပေ၏။ ထိုသို့ စောင့်ထိန်းသော်လည်း ကျွန်ုပ်စောင့်ထိန်းသော သီလကို သင်တို့အား ပေးရန် မဖြစ်နိုင်ပါ။

တမန်များ — အရှင်မ....ကျွန်ုပ် တို့၏ ကာလိင်္ဂတိုင်း ပြည်၌မိုးခေါင်သောကြောင့်လူအများ တို့သည် အလွန်လျှင် ပင် ပန်း ဆင်းရဲကြ ပါ၏။ ထို သို့ သော ဒုက္ခတို့မှ ကင်းဝေး စေရန် အရှင်မ၏ စောင့်ထိန်းသော ဂရု ဓမ္မသီလကို ပေးတော်မူပါ။

မိဖုရား — တမန်တော်တို့....ကျွန်ုပ် စောင့်သော ဂရုဓမ္မ သီလကို အသင်တို့အား ပေး ရန် ဝန်မလေးပါ။ သို့သော်လည်း ယခု အခါ ကျွန်ုပ်စောင့်သောသီလကိုစင်ကြယ်သည် ဟု မနှစ်သက်နိုင်ဘဲ ဖြစ်နေ ပါသည်။ အ ဘယ်ကြောင့်ဆိုပါလျှင် တနေ့သောအခါ ကျွန်ုပ်သည် ခြသေ့ ခံ သော လေ သာ ပြူတင်းပေါက်၌ ရပ်လျက် မိမိ၏ အရှင် ခင်ပွန်းလင်ဖြစ်သောဘုရင်မင်းမြတ်သည် မြို့ သို့ လကျာ ရစ် လှည့် လည် သည် ကို ကြည့်ရှုနေပါသည်။ ထိုသို့ကြည့်ရှု နေ စဉ် မင်းကြီး၏နောက်မှဆင်ပေါ်၌ ထိုင်လျက် လိုက်ပါလာသော ဘုရင်မင်းမြတ်၏ ညီ တော်အိမ်ရှေ့မင်းကိုမြင်ပါသည်။

ထိုသို့မြင်သည့်အခါ၊ လောဘ ဇော၏ တိုက်တွန်းချက်အရ၊ကြံစည်မိသည်မှာ ငါသည် အကယ်၍ ဤအိမ်ရှေ့မင်း နှင့် အတူတကွ နှီးနှောပေါင်းဖေါ်ခြင်းကို ပြုရလျှင် ကောင်းပေ လိမ့်မည်။ ဤ သို့ ပြုခြင်း ဖြင့် နောင် တော် ဖြစ် သော ဘုရင်မင်းမြတ်ကွယ်လွန်သောအခါ မင်းအဖြစ်သို့ ရောက်မည် ဖြစ်သော ဤအိမ်ရှေ့မင်းသည် ငါ့အား ချီးမြှောက် သိမ်းပိုက်ရာ၏ဟု ကြံစည်မိပေ၏။

ထိုသို့ကြံစည်ပြီး နောက်မှသတိရကာ ငါသည်ဘယ်လို မသင့်လျော်သော အကြံဘွေကို ကြံ စည် လိုက်ပါ လိမ့် မည်နည်း။ ငါ သည် လည်း ဂရုမမ္မ သီသကို စောင့်ထိန်း ပေ၏။ ထို သို့ စောင့် ထိန်း ပြီး မိမိအားလည်း စိုးပိုင် သော အရှင် လင် ရှိပြီးဖြစ်ပါလျက် ကိလေသာ၏ လှုံ့ ဆော် မှုကြောင့် တပါး သော ယော ကျ်ား ကို ကိလေသာစိတ်ဖြင့် ပြစ်မှားမိချေပြီ......



အိမ်ရှေ့မင်းသည် နောက်နေ့နံက်တွင် နန်းတော်မှ ထွက်လာသည့်အခါ မိုဃ်းရေထဲတွင် စောင့်၍နေကြသော လူများကို တွေ့မြင်ရသဖြင့် စိတ်၌ထိခိုက်၍သွားလေ၏။

သို့ဖြစ်၍ ငါ၏ စောင့်ထိန်းသော ဂရုဓမ္မ သီလ သည် ပျက် စီး သည် ဖြစ် ရာ ၏ ဟု သံသယ ဖြစ်နေပါသည်၊ ထိုကြောင့် အသင်တို့အား ထိုဂရုဓမ္မသီလကိုပေးခြင်း ငှါမဖြစ်နိုင်ဟု ဆိုခြင်း ဖြစ်ပါသည် ဟု ပြော ဆို လေ သည်။

တမန်များ —— အရှင်မ.... ဤမျှ လောက်သော အမူ ကလေးမျှဖြင့် မသန့်မရှင်းထင်နေပါလျှင် အရှင်မသည် တ ကယ် လွန် ကျူး ရန် ကို ကား၊ အဘယ်မှာ ပြုတော့ ပါမည်နည်း။ သို့ဖြစ်၍ ဤမျှဖြင့် သီလ မ ပျက် နိုင် ပါ။ အကျွန်ုပ်တို့အားသာလျှင် အရှင်မ စောင့် ထိန်းသော သီလကို ပေးတော်မူပါ။

မိဖုရား —— တမန်တော်တို့.... ဤသို့ဖြစ်လျှင် ရေး ယူကြလေလော့-ဟု ပြောဆိုကာ အထက် နည်းအတိုင်း ရွှေပြား၌ ရေးစေ၏။ ထိုသို့ ရေးစေပြီးနောက် ပြောဆိုသည်မှာ..... တမန်တို့ အသင်တို့အား ဤသို့ရေး၍ပေး ရ သော်လည်း ကျွန်ုပ် စောင့်ထိန်းသော သီ လ ကို သန့်ရှင်း သည်ဟု ကျွန်ုပ် သည် မနှစ်သက်နိုင်သေးပါ။ ထိုကြောင့် အသင် တို့သည် ဘုရင်မင်းမြတ်၏ ညီတော် ဖြစ်

သော အိမ်ရှေ့မင်းထံ၌ သွား၍ ဂရုဓမ္မသီလကို တောင်းကြပါလေ.....အိမ်ရှေ့မင်းသည် ဂရုဓမ္မသီလကို ကောင်းစွာ စောင့်ထိန်းပေ၏ဟု ပြောဆိုကာ ညွှန်ကြားလိုက်၏။

**ခလေးများအတွက်**
**ဖြေကြားရန် မေးခွန်းများ။**

၁။ ဘုရင် မင်း မြတ်၏ မိဖုရားကြီးသည် မိမိ၏ စောင့်ထိန်းသော သီလကို စင်ကြယ်သည်ဟု ထင်ပါသလော။

၂။ မိဖုရားသည် မည်ကဲ့သို့သော စိတ်အကြံကို ပြုမိ ပါသနည်း။

၃။ မိဖုရားကြီး၏ ကြံစည်မိသော အကြံသည် သင့်လျော်ပါသလော။

၄။ ၎င်းသည် တကယ် မကောင်းမှုကို ပြုလုပ်ပါမည်လော။

၅။ မိဖုရားသည် မိမိကြံစည်အပ်သော အရာကို နောက်တဖန် ဘယ်လို သတိ ပြန်ပြီး ရပါသနည်း။

၆။ မိဖုရားသည် မိမိ၏ သီလကို ရေးရှသည်ကို စိတ်မှာကျေနပ်နှစ်သက်ခြင်းရှိပါ၏လော။

၇။ မည်သူ့ ထံသို့ ဂရုဓမ္မ သီလကို တောင်းရန် ညွှန်ကြားလိုက်ပါသနည်း။

**အိမ်ရှေ့မင်းသည်မိမိ၏စောင့်သောသီလ၌သံသယဖြစ်ပုံ**

တမန်တော်တို့သည် မိဖုရားကြီး ညွှန်ကြားလိုက်သည့်အတိုင်း အိမ်ရှေ့မင်းထံသို့ဂရုဓမ္မသီလကိုတောင်းရန်သွားရောက်ကြပြန်၏။ အိမ်ရှေ့ မင်း ထံသို့ ရောက်ကြသောအခါ ပဋိသန္ထာရ စကားများ ကို ပြောဆိုကြပြီးနောက် အိမ်ရှေ့ မင်းက မေးမြန်း သည်မှာ....

အိမ်ရှေ့မင်း — တမန်တော်တို့...အသင်တို့သည်မည်သို့သော အကြောင်းဖြင့် ယခုကဲ့သို့ လာရောက်ကြကုန်သနည်း။

တမန်များ — အရှင်...ကျွန်ုပ်တို့၏တိုင်းပြည်၌မိုးသည်းမရွာ ခြင်း ကြောင့် လူ များ တို့ သည် အလွန်လျှင် ပင်ပန်း ဆင်းရဲ ကြ ကုန်၏။ ထိုကြောင့်မိုးသည်းရွာစေခြင်းအလို့ငှါ အရှင်တို့၏စောင့်ထိန်းသော သီလကို အလိုရှိပါသောကြောင့် ရောက်လာကြပါ၏၊

အိမ်ရှေ့မင်း — တမန်တော်တို့....ကျွန်ုပ်သည် ဂရုဓမ္မ သီလကို စောင့်ထိန်းသည်ကား မှန်ပေ၏။ ထိုသို့ စောင့်ထိန်းသော်လည်း ယခုအခါ၌ ကျွန်ုပ်စောင့်ထိန်းသော သီလကို သန့်ရှင်းသည်ဟု မနှစ်သက်နိုင်ဘဲသံသယဖြစ်နေပါသည်။ ထိုကြောင့် အသင်တို့အား ထိုဂရုဓမ္မသီလကို ပေးရန် မဖြစ်နိုင်ပါ။

တမန်များ — အရှင်အိမ်ရှေ့မင်း. .. အရှင်တို့သည် သီလကို စင်ကြယ်စွာ စောင့်ထိန်းသည် ဖြစ်ပါလျက်၊ အဘယ်ကြောင့်မသန့်ရှင်း၊ မစင်ကြယ်ဟု သံသယ ဖြစ်ပါသနည်း။

အိမ်ရှေ့မင်း — တမန်တော်တို့... ကျွန်ုပ်သည်၊ဂရုဓမ္မ သီလ ကို ကောင်းစွာ စောင့် ထိန်း သည်ကား မှန်ပေ၏။ ထိုသို့ ဖြစ် သော် လည်း ကျွန်ုပ်၏ စိတ်ဘွင် မိမိ စောင့် ထိန်း သော သီလကို စင်ကြယ်သည်ဟု မနှစ်သက်နိုင်ရန် အကြောင်းသည် ဖြစ်လာ ပါ၏။ ထိုအကြောင်းကား.....တနေ့သော ညချမ်းအခါတွင် ကျွန်ုပ်သည်၊ နောင်တော် ဖြစ်သော ပြည့်ရှင် မင်းမြတ်ထံတော်သို့ခစားရန်အတွက်ရထားစီး၍သွားရောက်ပေ၏။

ကျွန်ုပ်သည် ထိုသို့ ဘုရင် မင်းမြတ်ထံ တော်သို့ ခစားရန် သွားရောက်ခဲ့သော်ဧ မှုထမ်းရာထမ်းတို့သိရှိရန် အမှတ်အသား တခုကိုထားရှိပါသည်၊ ထိုအမှတ်အသား သည်ကား — ကျွန်ုပ်သည် ထိုသို့ မင်းကြီး ထံသို့ သွားရောက်သည့်အခါ၊ အကယ်၍ အေးဆေးစွာ စားသောက်ပြီး တညအိပ် နေမည်ဖြစ်ပါက ရထား၏ ကြိုးနှင့် နှင်တံ တို့ကို ရထားဦး အတွင်း သို့ သိမ်း ဆည်း ကာ ထည့်၍ထားခဲ့၏။ထိုအခြင်းအရာကို မြင်ခြင်းအားဖြင့် အစောင့်အရှောက် တို့ သည်၊ အိမ်ရှေ့ မင်းကား ယနေ့ မပြန်ပေ ဟု သိ ရှိ ကြ ကာ ပြန် သွား ကြ ပြီး လျှင် နောက်နေ့ မိုးသောက် နံနက် စော စော ကျသော အခါ မှသာ လာရောက် ကြ၍၊ အိမ် ရှေ့ မင်း နန်း တော် မှ အ လာ ကို စောင့်မျှော်လျက် မိမိတို့ နေရာ၌ တည်နေ ကြကုန်၏။ ရထားထိန်း သည်လည်း ရ ထားကိုပြန်၍ ယူသွားပြီး၊ တဖန်နံနက်မိုး သောက် အခါကျမှသာ ရထားကို ပြန်၍ ယူလာပြီး နန်းတော်တံခါး၌ တည်နေ၏။

အကယ်၍ ထိုသို့ တညအိပ် မဟုတ်ဘဲ ခေတ္တခဏမျှသာ နေပြီး ပြန်လာမည် ဖြစ်ပါက၊ ရထား၏ နှင်တံနှင့် ကြိုး တို့ ကို မူလအတိုင်း ရထားအတွင်း၌ တန်းလန်း ထား၍ခဲ့ပြီး မင်းကြီး ထံသို့ ခစား ခြင်း ငှါ သွားရောက်ပေ၏။ ထိုကဲ့သို့သောအမှတ်အသားဖြင့်လူအပေါင်းတို့သည်လည်းသိကြသဖြင့်၊ ဤအရာကား၊ အိမ်ရှေ့မင်းသည်မကြာခင်ပြန်၍ထွက်လာလိမ့်မည်ဟုသိ၍မင်းကြီး၏ နန်းတော်တံခါးမှ စောင့်မျှော်၍ နေကြကုန်၏။

အဆိုပါ နေ့တွင်ကား၊ ကျွန်ုပ် သည် ရထား၏ကြိုးကိုငင်း၊ နှင် တံ ကို ငင်း၊ ရထားတွင် တန်းလန်းထားခဲ့ပြီးလျှင်၊ခေတ္တခဏအတွက် မင်းကြီး ထံတော်သို့ ခစားရန် သွားပေ၏။ထိုသို့သွား၍ ကျွန်ုပ်သည် နန်းတော်သို့ ဝင် သည် နှင့် တ ပြိုင်နက်၊ မိုးသည် သည်းထန်စွာ ရွာ သွန်း လေတော့၏။ ထိုအခါ နောင်တော် ကြီးသည် မိုးရွာသည်ဆိုပြီးလျှင် ကျွန်ုပ်အား ပြန်၍ မလွှတ်ဘဲ နန်းသော်အတွင်း၌ပင် စား

သောက်၍ ညအိပ် နေ့စေ၏။ သို့ဖြစ်ရာ၊ ကျွန်ုပ်သည် ခေတ္တခဏတာ အတွက်သာ အမှတ်အသား ဖြစ်သည့် ကြိုးနှင့် နှင်တံကို ရထားတွင် တန်းလန်း ထားခဲ့သော ကြောင့် သက်ဆိုင်ရာ မှူးထမ်း ရာထမ်း အပေါင်းတို့သည် အိမ်ရှေ့မင်း ထွက်လာ လိမ့်မည် ဟူသော အမှတ်ဖြင့် မိုးဃ်းရေ ထဲတွင် တည့်လုံးစောင့်မျှော်လျက် နေကြ ကုန်၏။

ကျွန်ုပ်သည်၊ နောက်နေ့ နံနက်တွင် ပြန်၍ ထွက်လာသောအခါ၊ မိုးဃ်းရေစွတ် စိုလျက် စောင့်မျှော် နေကြသော လူများ ကိုမြင်ရသောအခါ မိမိ၏ ခဏခြင်းပြန်၍ ထွက်လာမည့်အမှတ်ကို ပြုခဲ့သည်ကိုသတိ ရပြီးလျှင် စိတ်ကို များစွာ ထိခိုက်ကာ ငါသည် ဂရုဓမ္မသီလကို စောင့် ထိန်းပါ လျက် ဤမျှလောက်သော လူအပေါင်း တို့အား ပင်ပန်း ဆင်းရဲခြင်းကို ဖြစ်စေခဲ့ လေပြီ။ သို့ဖြစ်သောကြောင့် ငါစောင့် ထိန်းသော သီလသည် ပျက်လေသလော ဟု သံသယ ဖြစ်နေပေါ၏။ ထိုသို့ ကျွန်ုပ်

စောင့်ထိန်းသောသီလ၌သန့်ရှင်းသည်ဟု မထင်ဘဲ သံသယ ဖြစ် နေ သော ကြောင့် အသင်တို့အား ပေး ရန် မနှစ်သက်နိုင်ပါ ဟု ပြောဆို၏။

တမန်များ — အရှင်အိမ်ရှေ့မင်း.....အရှင်တို့သည် လူ အ ပေါင်း အား ပင် ပန်း စေ ရန် စိတ် တွင် အကြံ အစည် စေတနာသည်မရှိပေ။ ထိုသို့မရှိခြင်းကြောင့် ဤမျှဖြင့် သီလ ပျက် မည်ဟု သံ သ ယ ဖြစ်ရန် မလိုပါ။ အရှင် စောင့်သော ဂရုဓမ္မသီလကိုသာအကျွန်ုပ် တို့အား ပေးတော်မူပါ။

အိမ်ရှေ့မင်း — တမန်တို့....ထိုသို့ဖြစ်လျှင် အသင်တို့ ၏ရွှေပြား၌ ရေး၍ယူကြကုန်လော့.....ဟု ဂရုဓမ္မသီလကို ရေးစေပြီးနောက်၊ တဖန် ပြောဆိုသည်မှာ - အသင်တို့အား ကျွန်ုပ် စောင့်ထိန်းသော သီလကို ပေး ရ သော် လည်း ကျွန်ုပ်စိတ်တွင် သန့် ရှင်း သည် ဟု မနှစ်သက် နိုင် သေး ပါ၊ သို့ ဖြစ် သော ကြောင့် အ သင် တို့ သ ည် ပု ရော ဟိတ် ဆရာကြီးထံသို့ သွား၍ ဂရုဓမ္မသီလ ကို တောင်းကြပါလေ။ ထိုပုရောဟိတ် ဆရာ

ကြီးသည် ဂ ရု ဓ မ္မ သီလကို ကောင်းစွာ စောင့် ထိန်း ပေ၏၊ ဟု ညွှန် ကြား လိုက် လေသည်။

**ခလေးများအတို့
ဖြေကြားရန် မေးခွန်းများ။**

၁။ အိမ်ရှေ့မင်းသည်၊ နန်းတော်သို့ဝင် ရောက် သောအခါ သက် ဆိုင် ရာ မှူထမ်း ရာ ထမ်း တို့ အား မည်သို့သော အထိမ်းအမှတ်ဖြင့် သိစေ ပါသနည်း။

၂။ လူအများတို့သည်၊ မိုးရေ ထဲတွင် စောင့် နေကြသည်ကို မြင်သောအခါ။ အိမ် ရှေ့မင်း ၏ စိတ်ထဲတွင် မည်သို့ ဖြစ်ပါသနည်း၊ တရား သည်ဟု ထင်ပါသလော။

၃။ အိမ်ရှေ့မင်းသည်၊ ခဏခြင်း ပြန်ထွက်လာ ရန်အမှတ်ဖြင့်၊ဘုရင်းမင်းမြတ်ထံသို့ဝင်ရောက် ခ စား ပါ လျက် အ ဘယ် ကြောင့် တို အ မှတ် အသားအတိုင်း ပြန်၍ မထွက်လာပါသနည်း။

၄။ အိမ်ရှေ့မင်းသည် မိမိ စောင့် ထိန်း သော သီလကို စင်ကြယ်သည်ဟု ကျေနပ်ပါသလော။

၅။ အိမ်ရှေ့မင်းသည် နန်းတော်သို့ ဝင်ရောက်ရာတွင် ဘယ်အချိန်၌ ဝင်ရောက်သောအကြိမ်တွင် အမှတ်ထားသည်အတိုင်း ပြန်မထွက်လာနိုင်သနည်း။

ပုရောဟိတ်သည်မိမိစောင့်ထိန်းသော သီလ၌သံသယဖြစ်ပုံ

တမန်တော် များ သည် အိမ်ရှေ့မင်းထံမှ ဂရုဓမ္မကို ရေးမှတ်၍ ယူကြပြီးလျှင် ပုရောဟိတ်ဆရာကြီးထံသို့ တဖန် ဂရုဓမ္မသီလကို တောင်းဆိုရန် သွားရောက်ကြပြန်၏။

ပုရောဟိတ်ဆရာကြီး၏ထံသို့ ရောက် သော အခါ ပဋိသန္ထာရ စကားများ ကို မေး မြန်း ပြောဆိုကြပြီးနောက် တမန်တော်တို့သည် ရှေးနည်းအတိုင်းဂရုဓမ္မသီလကို တောင်းဆိုကြလေသည်။ ထိုအခါ ပုရောဟိတ်ဆရာကြီးက ပြောဆိုသည်မှာ......

ပုရောဟိတ် — တမန်တို့...ကျွန်ုပ်သည် ဂရုဓမ္မသီလကို စောင့်ထိန်း သည်ကား မှန် ပေ ၏။ သို့ပင်ဖြစ်သော်လည်း ယခုအခါကျွန်ုပ်၏စိတ်တွင် မိမိ စောင့်ထိန်းသော သီလကို သန့်ရှင်း စင်ကြယ်သည်ဟု မနှစ်သက် နိုင်

အောင်ဖြစ်နေပါသည်။ သို့ဖြစ်၍ သင်တို့အား ကျွန်ုပ် စောင့် ထိန်း သော ဂရုဓမ္မ သီလကို ပေးရန် မဖြစ်နိုင်ပါ။

တာမန်များ — မင်း ဆ ရာ သည် ဂ ရု ဓ မ္မ သီ လ ကို ကောင်းမွန်စင်ကြယ်စွာစောင့်ထိန်းသည်ဟု အကျွန်ုပ်တို့ သိရပါသည်။ အ ဘယ်ကြောင့် မင်းဆရာသည် မိမိ သီလကို စင်ကြယ်သည်ဟု မထင်ပါသနည်း။

ပုရောဟိတ်— တမန်တို့ …… ကျွန်ုပ် စောင့် ထိန်းသောသီလကိုသန့်ရှင်းသည်ဟု မနှစ်သက်နိုင်သည့် အကြောင်း သည်ကား၊ ကျွန်ုပ်သည် တနေ့သော အခါ ဘုရင် မင်းမြတ်အား ခစားရန်အတွက်နန်းတော်သို့သွားရောက်ပေ၏။ ထိုအခါတွင်ဘုရင်မင်းမြတ်၏လက်အောက်ခံ တိုင်းတပါး၏ ဘုရင်တပါးထံမှ ကျွန်ုပ်တို့ ဘုရင်မင်းမြတ် ထံတော်သို့ နှသော နေ ရောင် ခြည် (ဝါ) တက်သစ်စ နေရောင်ခြည် အဆင်းရှိသည့် ရထားကိုလာရောက်၍ ဆက်သစေသဖြင့် ကျွန်ုပ်သည် ထိုရထားကို လမ်း ခရီး တွင် ပက်ပင်းပါ တွေ့မြင်ရပေ၏။

ထိုသို့ တွေ့မြင်ရသည့်အခါ၊ ကျွန်ုပ်က ထိုရထားကို ယူဆောင် လာသူတို့ အား ဤရထားသည် အဘယ်သူ၏ ရထားဖြစ် သနည်းဟု မေးမြန်းသည့်အခါ၊ အဆိုပါ ရထားကို ယူဆောင် လာ သူ တို့က၊ ဤ ရ ထား သည် ကား ကော ရဗျ မင်း ကြီး အား ဆက်သရန် ဖြစ်ကြောင်းနှင့် ပြော ပြ ကြ၏။ ထို သို့ မင်းကြီးအား ဆက် သ ရန်ဖြစ် ကြောင်း ကို သိ ရ သော အ ခါ၊ ကျွန်ုပ်၏ စိတ်တွင် ဖြစ်ပေါ်လာသည်မှာ၊ ငါသည် ကြီးရင့်သော အရွယ်သို့ ရောက် ပြီဖြစ်၏၊ မင်းကြီးသည် ဤရထားကို ငါ့ အား အကယ်၍ ပေးသနားခဲ့သော် - ဤ ရထားကိုစီး၍ ချမ်း သာ စွာ လှည့် လည် သွားလာနိုင်ပေမည် ဟု ကြံစည် ပြီးလျှင် မင်းကြီးထံသို့ သွား၍ ခါ တိုင်း ကဲ့ သို့ ခစားပေ၏။

ကျွန်ုပ်သည် မင်း ကြီး ထံ သို့ ရော က် သောအခါ၊ ဘိသိက်မင်္ဂလာ ဆောင် စေ ရာဖြစ်သော ပြုဘွယ်ရာ တို့ ကို ဖြစ် စေ ၍ မင်း ကြီး ထံ ၌ ခ စား ၍ နေ သော အ ခါ

အဆိုပါ ရထားကိုပို့ဆက်လာသူတို့သည် မင်းကြီးအား ရထားကိုလာ ရောက်၍ ပေးဆက်ကြကုန်၏။ ထိုအခါ မင်းကြီးသည် "ဤ ရထား သည် ကား အလွန်လျှင် ကောင်း လှပေ ၏။ ဆရာ ပုရောဟိတ်အား ဤရထားကို ပေး ကြ ကုန်လော့-" ဟု မိန့်တော်မူလေသည်။

ထိုသို့ ဘုရင်မင်းမြတ်က ပေးခြင်းကို ကျွန်ုပ်သည်ကားအလိုမရှိချေ။ ထိုကြောင့် မယူဘဲ ငြင်းပယ်၏။ ဘုရင်မင်းမြတ်က လည်း အဖန်တလဲလဲယူရန်ကို မိန့်တော် မူ၏။ သို့ဖြစ်သော်လည်း ကျွန်ုပ်ကား အလိုမရှိပင်ဖြစ်ပေ၏။ အဘယ်ကြောင့် အလိုမရှိပါသနည်း ဆိုလျှင် ကျွန်ုပ်သည် ဂရုဓမ္မသီလကိုစောင့်ထိန်းပါလျက် သူ တပါး၏ ပစ္စည်းကို မပေးခင်ကပင်လိုချင် တတ်သော လောဘကို ပွားမိပေ၏။ ဤကဲ့ သို့ သူတပါးပစ္စည်းကို မပေးခင်ကလိုချင် လောဘ ဖြစ်မိသောကြောင့် ငါ၏ သီလ ပျက်စီးပြီဖြစ်ရာ၏ဟုစိတ်တွင်သံသယဖြစ် နေသောကြောင့် ဖြစ်ပါ၏။ ထိုကြောင့်

ရထားကိုဘုရှင်မင်းမြတ်က အဖန်တလဲလဲ ယူရန် ပေးသော်လည်း အလိုမရှိခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ကျွန်ုပ် စောင့် ထိန်း သော ဂရုဓမ္မ သီလကို စင်ကြယ်သည်ဟု မနှစ်သက်နိုင်ဘဲ ရှိနေသောကြောင့် အသင်တို့အား ကျွန်ုပ်စောင့်သောသီလကို ပေးရန် မဖြစ်နိုင်ပါ။

တမန်များ — မင်းဆရာ........ မင်းဆရာအား - ထိုမျှ လောက် သော ပြစ် မှု ဖြင့် သီ လ မ ပျက်နိုင်ပါ။ ထိုအပြစ် ကလေးကိုပင် သံသယဖြစ် နေ လျှင် တ ကယ် အပြစ်ကို မှု ကားအဘယ်မှာပြုတော့မည်နည်း။ ထိုကြောင့် မင်းဆရာ၏ စောင့်ထိန်းသော သီလကိုသာ အကျွန်ုပ်တို့အားပေးတော်မူပါ။

ပုရောဟိတ် — အမောင်တို့......ထိုသို့ ဖြစ်ပါမူကား၊ ရေး မှတ် ၍ ယူကြပါလေဟု ဆိုကာ မိမိစောင့်သော ဂရုဓမ္မသီလကို ရေးစေလေသည်။ ထိုနောက် တဖန် တ မန် တော် တို့အား ပြောဆို သည်မှာ.....သင်တို့အား ဤသို့ရေး၍ပေးသော်လည်းကျွန်ုပ် စောင့်

ထိန်းသော သီလကို ကျွန်ုပ်သည်သန့်ရှင်းသည်ဟု မနှစ်သက် နိုင်သေးပါ။ သို့ ဖြစ်သော ကြောင့် သင် တို့ သည် မြေ တိုင်း အမတ်ကြီးထံသို့သွား၍ ဂရုဓမ္မ သီလ ကို တောင်းကြပါလေ။ ထိုမြေတိုင်း အမတ်ကြီးသည် ဂရုဓမ္မသီလ ကို စင်ကြယ် ကောင်းမွန်စွာ စောင့်ထိန်းပေ၏.....ဟု မိန့်ဆိုက ာ မြေတိုင်းအမတ်ကြီးထံသို့ညွှန်ကြားလိုက်လေသည်။

**ခလေးများအတွက်**
**ဖြေကြားရန်မေးခွန်းများ။**

၁။ ပုရောဟိတ် ဆရာကြီးသည် ဘုရင်မင်းမြတ်ထံသို့ ခစားရန်သွားသည့်အခါ လမ်းခရီးတွင် အဘယ်အရာကိုမြင်ပါသနည်း။

၂။ ထိုမြင်ရသောအရာကို မင်းဆရာသည် ဘယ်လိုသဘောထားသနည်း။

၃။ ဘုရင်မင်းမြတ်က မင်းဆရာအား ဘယ်အရာကို ယူရန် တိုက်တွန်းပါသနည်း။

၄။ ထိုသို့ ဘုရင်မင်းမြတ်က ယူရန် တိုက်တွန်းသည့်အခါမင်းဆရာကအဘယ်ကြောင့်မယူဘဲ ငြင်းပယ်ရပါသနည်း။


၅။ မင်းဆရာသည်သူစောင့်ထိန်းသောသီလကို ဘာကြောင့်ပျက်သည်ဟုသံသယဖြစ်သနည်း။

၆။ မင်းဆရာက တမန်တော်များကို မည်သူ့ထံသို့ညွှန်ကြားလိုက်ပါသနည်း။

**မြေတိုင်းအမတ်ကြီးသည် သူ၏စောင့်ထိန်းသော သီလကိုသံသယဖြစ်ပုံ**

တမန်တို့သည် ပုရောဟိတ်ထံမှဂရုဓမ္မ သီလတို့ကို ရွှေပြားတွင် ရေးမှတ်၍ ယူကြပြီးနောက်ထိုပုရောဟိတ်ဆရာကြီး၏ ညွှန်ကြားချက်အရ မြေတိုင်းအမတ်ကြီး ထံသို့ ဂရုဓမ္မ သီလကို တောင်းရန်သွားရောက်ကြပြန်လေသည်။ ထိုသို့သွား၍မြေတိုင်းအမတ်ကြီး နှင့် ပဋိသန္ထာရ စကားများ ပြောဆိုမေးမြန်းကြပြီး နောက် တမန်တော်တို့ကပြောဆိုသည်မှာ....

တမန်များ — အမတ်ကြီး...အသင်အမတ်ကြီးသည် ဂရုဓမ္မသီလကိုဆောက်တည်သည်ဟုသိရပါသဖြင့်အကျွန်ုပ်တို့လာရောက်ကြပါ၏။



ဘုရင်မင်းမြတ်သည် အကျွန်ုပ်အား ရထားကိုယူရန် အတန်တန် တိုက်တွန်း
သော်လည်း၊ ကျွန်ုပ်သည် မယူလိုသည်ပင်ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုလျှင်
အကျွန်ုပ်သည် သူတပါးပစ္စည်းကို မပေးခင်က လိုချင်လောဘ
ဖြစ်မိသောကြောင့်ပင်တည်း။

အကျွန်ုပ်တို့၏ ကာလိင် တိုင်းပြည်တွင် မိုးခေါင်သောကြောင့် လူတို့သည် အလွန်လျှင် ပင်ပန်းဒုက္ခ ရောက်ကြပါသည်။ ထိုကြောင့် သင်အမတ်ကြီး၏ စောင့်ထိန်းသော သီလကို ပေးပါလော့။

မြေတိုင်း — အမတ်ကြီး၊ အမောင်တို့....ကျွန်ုပ်ကား ဂရုဓမ္မသီလကိုစောင့်ထိန်းသည်ကား မှန်ပေ၏၊ သို့ပင် ဖြစ်သော်လည်း ထို ကျွန်ုပ် စောင့်သော သီလကို စင်ကြယ်သည်ဟု ကျွန်ုပ် မနှစ်သက်နိုင်ဘဲရှိနေပါသည်။ ထိုကြောင့် အသင်တို့အား ကျွန်ုပ် စောင့်ထိန်း သော သီလကိုပေးရန် မဖြစ်နိုင်ပါ။

တမန်များ — အမတ်ကြီး...အမတ်ကြီးသည်သီလကို ကောင်းစွာစောင့်ထိန်းကြောင်းကို ကြားသိပြီးဖြစ်ပါသည်၊ အဘယ်ကြောင့် မသန့်ရှင်းဟု သံသယဖြစ်ပြီး မနှစ်သက်ခြင်းဖြစ်ပါသနည်း။

မြေတိုင်း — အမတ် အမောင်တို့ .... ကျွန်ုပ် စောင့်ထိန်းသောသီလကိုစင်ကြယ်သည်ဟုမနှစ်သက်နိုင်သည့် အကြောင်း ရင်း ကား၊ ကျွန်ုပ်သည် တနေ့သော အခါ ဇနပုဒ် (၀၁)

ကျေးတောရွာသို့ သွား၍ လယ်များ ကို တိုင်းထွာသည့်အခါ ကြိုး ကို တုတ်လှင် ကန်၌ချည်၍ တဖက်သော အစွန်းကြိုးစကို လယ်ရှင်အား ကိုင်စေ၍ကြိုးတစကို ကျွန်ုပ် သည် ကိုင်ဆွဲလျက် တိုင်းထွာကြပေ၏။

ထိုသို့ တိုင်းထွာကြသည့် အခါ ကျွန်ုပ် ကိုင်ဆွဲသောကြိုးအစွန်းနှင့်တုတ်လှင်ကန် သည် တကောင်သော ပုဇွန်လုံး၏ တွင်း အလယ်သို့ရောက်ရှိနေ၏၊ ထိုအခါ ကျွန်ုပ် ၏ စိတ်တွင် ငါသည် ဤ တုတ် လှင် ကန် ကို ဤအတိုင်း စိုက်ခဲ့ပါလျှင် ပုဇွန်လုံး၏ ကျင်းအတွင်းသို့ကျသဖြင့် ကျင်း အတွင်း၌ ရှိသော ပုဇွန်လုံးသည် သေကြေပျက်စီး ခြင်းဖြစ်ပေရာ၏၊ဤမှာဘက်နားတွင်စိုက် ခဲ့ ပြန်ကလည်း ဘုရင်မင်းမြတ်၏ ပစ္စည်း သည် နစ်နာပေလိမ့်မည်ဟု စဉ်းစားမိ သ ဖြင့် အကြံရခက်၍နေပါ၏။

ထိုသို့အကြံရခက်နေစဉ် ကျွန်ုပ်၏စိတ် တွင် တမျိုးအကြံဖြစ်လာပြန်၏။ အဘယ် ကဲ့သို့သော အကြံ ဖြစ်လာပြန် သနည်းဆို လျှင် ဤကျင်းထဲတွင် ပုဇွန်လုံးသည် မရှိ

ပေရာ၊အကယ်၍ ရှိခဲ့ပါမူ ရှိသည့်အထိမ်း အမှတ်သည် ဖြစ်ပေရာ၏ဟု စဉ်းစားပြီး ထိုပုဇွန်လုံး၏ တွင်းလယ်၌ ကြိုးစချည် သော တုတ်လှင်ကန်ကို စိုက်ထူတော့မည် ဟု ဆုံးဖြတ်ပြီး တုတ်လှင်ကန်ကို စိုက်ထူ လိုက်သည်နှင့်တပြိုင်နက် ကျင်း၏အတွင်း မှပုဇွန်လုံးသည် ကိရိ....ဟူသောအသံကို ပြုပေ၏။

ထိုအခါ ကျွန်ုပ်၏ စိတ်တွင် ငါစိုက်ထူ သော တုတ်လှင်ကန်သည် ပုဇွန်လုံး၏ ကျောထက်၌ ကျရောက်ပြီး ပုဇွန်လုံးသေ သည်ဖြစ်ရာ၏ဟု သံသယ ဖြစ်ခါ ကျွန်ုပ် စောင့်ထိန်းသော ဂရုဓမ္မသီလကို သန့် ရှင်းသည်ဟု မနှစ်သက် နိုင်ဘဲ ဖြစ်နေပါ သည်။ ထိုကြောင့် အသင်တို့အား ထို ကျွန်ုပ် စောင့်ထိန်းသော ဂရုဓမ္မသီလကို ပေးရန် မဖြစ်နိုင်ပါဟု ပြောဆိုခြင်း ဖြစ် ပါသည်။

နမျာ း — အမတ်ကြီး....အသင်အမတ်ကြီးသည် ပုဇွန်လုံးအား သေစေလိုသော စေတနာ မရှိပေ၊ စေတနာ မရှိသော အရာကားကံ

မည်သည့်မဖြစ်နိုင်ပါ။ ဤမျှလောက် ဖြင့် စိတ် တွင် သံ သ ယ ဖြစ် နေ သေး လျှင် တကယ် ပြုလုပ် လွန်ကျူး ဘို့ ကို ကား အ ဘယ်မှာလျှင် ပြုလုပ် ပါတော့ မည်နည်း။ အသင်အမတ်ကြီးစောင့်ထိန်းသောသီလ ကိုသာ ကျွန်ုပ်တို့အား ပေးတော်မူပါ။

အမတ်ကြီး — အမောင်တို့... သင်တို့အလိုရှိလျှင်ရေး ၍ယူကြလေလော့ဟုဆိုကာ အထက်နည်း အတိုင်း ရွှေပြားတွင် ရေး၍ ယူစေ၏။ ထို နောက် မြေတိုင်းအမတ်ကြီးကဆက်လက် ၍ အမောင်တို့ - အမောင်တို့အားကျွန်ုပ် စောင့်သောဂုရုဓမ္မသီလကို ပေးရစေကာ မူကျွန်ုပ်၏စိတ်၌သန့်ရှင်းသည်ဟုနှစ်သက် ခြင်းမဖြစ်နိုင်ပါ၊ ထို့ကြောင့် အမောင်တို့ သည် ဘုရင် မင်းမြတ်၏ ရထားထိန်း ထံ တွင် သွား ၍ တောင်း ကြပါလေ၊ ထို ရထားထိန်းသည်ဂုရုဓမ္မသီလကိုကောင်း စွာစောင့်ထိန်းပေ၏ဟု ပြောဆိုမှာကြား ကာ ရထားထိန်းထံသို့ ညွှန် ကြား လိုက် လေသည်။

## ခလေးများအတွက်
## ဖြေကြားရန် မေးခွန်းများ။

၁။ မြေတိုင်းအမတ်ကြီးသည် မည်သည့် အရပ်သို့ ခရီးထွက်သွားပါသနည်း။

၂။ မြေတိုင်းအမတ်ကြီးသည် လယ်မြေကို တိုင်းသည့်အခါ ဘယ်အရာကိုတွေ့ပါသနည်း။

၃။ အမတ်ကြီးသည် သူတွေ့ရှိသော အရာကို မည်သို့စဉ်းစားပါသနည်း။

၄။ အမတ်ကြီးသည်တုတ် လှင်ကန်ကို စိုက်ရန် ဝေခွဲမရနိုင်ဖြစ်ပြီး နောက်ဆုံးတွင် မည်ကဲ့သို့ ဆုံးဖြတ်ပါသနည်း။

၅။ ထိုမြေတိုင်းအမတ်ကြီးသည် မည်သည့် အကြောင်း ကြောင့် အပြစ်ဖြစ်မှာစိုးပြီး ရှောင်ကြဉ်သနည်း။

၆။ မြေတိုင်းအမတ်ကြီးသည်ဘုရင်မင်းမြတ်နှင့် လယ်သမားတို့အနက် မည်သူ၏ပစ္စည်းကို နစ်နာမည် စိုးသနည်း။

၇။ အမတ်ကြီးသည် သူ၏စောင့်ထိန်းသော သီလကိုဘယ်လိုထင်မြင်ပါသနည်း။

ရထားထိန်းသည် မိမိစောင့်ထိန်းသောသီလ၌သံသယဖြစ်ပုံ

ကာလိင်္ဂမင်း၏တမန်တော်တို့သည်မြေတိုင်း အမတ်ကြီး ညွှန်ကြား လိုက်သည့်အတိုင်း ဂရုဓမ္မသီလကို တောင်း ဆိုရန် ဘုရင်မင်းမြတ်၏ရထားထိန်းထံသို့ သွားရောက်ကြပြန်၏။ ရထားထိန်းထံသို့ရောက်သောအခါ မိမိတို့လာရောက်ရခြင်း၏ အကြောင်းခြင်းရာတို့ကို ပြောဆိုကြသဖြင့် ရထားထိန်းက ပြန်ကြားသည်မှာ.....

ရထားထိန်း — တမန်တို့....ကျွန်ုပ်သည် ဂရုဓမ္မသီလကိုစောင့်ထိန်းသည်ကားမှန်ပေ၏။ ထိုသို့စောင့်ထိန်းသော်လည်း ကျွန်ုပ် စိတ်တွင် မိမိစောင့်ထိန်းသောသီလကိုသန့်ရှင်းစင်ကြယ်သည်ဟု မထင်ဘဲ သံသယ ဖြစ်နေပါသည်။

တမန်များ — အသင် ရထားထိန်း........အသင်သည် ဂရုဓမ္မသီလကို ကောင်းမွန် စင်ကြယ်စွာ စောင့်ထိန်းသည်ဟု ကျွန်ုပ်တို့ သိရှိပါ၏။ သို့ဖြစ်လျက် အသင်ရထားထိန်းသည် အဘယ်ကြောင့် မိမိသီလကို မစင်ကြယ် ဟု ထင်ပါသနည်း။

ရထားထိန်း — တမန်တော်... ကျွန်ုပ် စောင့်ထိန်းသော သီလ၌ သံသယ ဖြစ်ရသည့် အကြောင်းသည်ကား... ကျွန်ုပ်သည် တနေ့သောအခါ ဘုရင်မင်းမြတ်အား ဥယျာဉ်သို့ရထားဖြင့်သွားပို့ပေ၏။ ထိုအခါ မင်းကြီးသည် ဥယျာဉ်၌ တနေ့လုံးပျော်ရွှင်စွာ ဥယျာဉ်ကစားပြီး လျှင် ညချမ်းသော အခါ၌ ဥယျာဉ်မှ ထွက်၍ ရထားဖြင့် မြို့ သို့ ပြန်တော်မူ၏။

ထိုသို့ မင်းကြီးသည် မြို့ သို့ ပြန် လည်တော်မူရာ မြို့သို့မရောက်ခင် နေဝင်ဆည်းဆာ အချိန်၌ မိုးသားတိမ်လိပ်တို့သည် ရွာတော့မည့် ပုံဖြင့် အုံ့ မှိုင်း ဖုံး အုပ် ၍ လာတော့၏။ ထိုအခါ ကျွန်ုပ်သည် မင်းကြီးအား မိုး ရေစွတ်စိုမည်ကို စိုးသောကြောင့် သိန္ဓောမြင်းတို့အား လျင်မြန်စွာ ပြေးစေရန် နှင်တန်အမှတ်ကို ပေးပေ၏။ ထိုသို့ နှင်တံဖြင့် အမှတ် ပေးသောအခါ သိန္ဓောမြင်းတို့သည် လျင်စွာသောအဟုန်ဖြင့် ပြေးကြကုန်၏။

ထိုအခါမှစ၍ ရထားကသော သိန္ဓောမြင်းတို့သည် ဥယျာဉ်သို့ သွားသည့်အခါတိုင်း အသွားတွင်ရင်း၊အပြန်တွင်ရင်း၊ထိုနှင်တံအမှတ်ပေးသော နေရာသို့ ရောက်သည်အခါ လျင်စွာသော အဟုန်ဖြင့်သာလျင် ပြေးကြကုန်၏။ အဘယ်ကြောင့်ဆိုလျှင် သိန္ဓောမြင်းတို့၏စိတ်၌ ဤနေရာ အရပ်တွင် ဘေးရန်ရှိသည် ဖြစ်ပေရာ၏၊ ထိုကြောင့် ငါ တို့အား ရထားထိန်းသည် နှင်တန်အမှတ်ဖြင့် အချက်ပေးသည် ဖြစ်ရာသည်ဟု ထင်မှတ်ကြသော ကြောင့် ဖြစ်ပါ၏။

သို့ဖြစ်သောကြောင့် ကျွန်ုပ် စိတ်တွင်ဖြစ်ပေါ်သည်မှာ အမှန်အားဖြင့် မင်းကြီးအား မိုဃ်းရေ စွတ်စိုခြင်းဖြင့် သော်၎င်း၊ မိုဃ်းရေ မစွတ်စို ခြင်းဖြင့် သော်၎င်း၊ ငါ့အားအပြစ်သည်မရှိပေ။ ငါသည်ကားအရာမဟုတ်သည်တို့၌အရာလုပ်ကာလိမ်မာသိတတ်သော သိန္ဓောမြင်းတို့အား နှင်တံအမှတ်ကို ပေးမိချေပြီ၊ ထိုကြောင့် သာသိန္ဓော မြင်းတို့သည် အသွား အပြန် နှစ်

တန်စလုံးထိုနေရာသို့ ရောက်တိုင်းရောက် တိုင်းလျင်မြန်စွာ ပြေးသွားခြင်းကို ပြုရသ ဖြင့် ပင်ပန်းခြင်းဖြစ်ရရှာကုန်၏။ ငါသည် ဂရုဓမ္မသီလကို စောင့်ထိန်းပါလျက်သူတ ပါးတို့အား အကြောင်းမဲ့ ပင်ပန်းအောင် လုပ်မိချေပြီ။ ထိုကြောင့်ငါ၏ သီလသည် ပျက်ပြီ ဖြစ်ရာ၏ဟု စိတ်တွင် သံသယဖြစ် နေပေါသည်။

ဤယခု ပြောသည့် အတိုင်း ကျွန်ုပ်၏ စောင့်ထိန်းသော သီလကို သန့်ရှင်းစင် ကြယ်သည်ဟုမနှစ်သက်နိုင်သောကြောင့် သင်တို့တောင်းဆိုသည်ကို ပေးရန် မဖြစ် နိုင်ပါဟု ပြောဆို၏။

တမန်များ — အသင် ရထားထိန်း.....အသင်သည် သိနွားမြင်းတို့အား ပင်ပန်းစေသတည်း ဟူသောစိတ်သည်မရှိပေ၊ ထိုသို့စေတနာ မရှိသော အရာကား ကံမည်သည် မဖြစ် နိုင်၊ ဤမျှလောက်ဖြင့်လည်း အသင်သည် သံသယဖြစ်ပေသေး၏၊ အကယ်လွန်ကျူး ခြင်းအမှုကိုမူကား အဘယ်မှာပြုတော့အံ့ နည်းဟု ပြောဆိုကြပြီးလျှင် ရထားထိန်း

ထံမှ သီလကို နာယူကြပြီးလျှင် ရွှေပြား တွင် ရေး၍ ယူကြလေသည်။

ရထားထိန်း—— တမန်တို့......အသင်တို့သည် အလွန် လျှင် အလိုရှိသောကြောင့်သာ ရေး၍ ယူ စေရသော်လည်း ကျွန်ုပ်၏ စိတ်တွင် မိမိ စောင့်ထိန်းသော သီလကို သန့်ရှင်း စင် ကြယ်သည်ဟု မနှစ်သက်နိုင်သေးပါ၊ ထို ကြောင့် အသင်တို့သည် သူဌေးကြီးထံသို့ သွား၍ ဂရုဓမ္မ သီလကို တောင်း ကြပါ လေ။ သူဌေးကြီးသည် ဂရုဓမ္မ သီလကို ကောင်းစွာ စောင့်ထိန်းပေ၏ဟု တမန် တော်တို့အား ညွှန် ကြား လိုက် ပြန် လေ သည်။

**ခလေးများအဘို့**
**ဖြေကြားရန် မေးခွန်းများ။**

၁။ ရထားထိန်းသည်မည်သည့်အရပ်သို့ရထား မောင်းသွားပါသနည်း၊

၂။ ထိုရထားထိန်းသည် လမ်းခရီးတွင် မည်ကဲ့ သို့သော အကြောင်းထူးများဖြစ်ပါသနည်း။

၃။ ရထားထိန်းသည်မိမိပြုလုပ်မိသောအရာကို မည်ကဲ့သို့ သဘောထားပါသနည်း။

၄။ သိန္ဓောမြင်းတွေက မည်ကဲ့သို့ ပြုလုပ်ကြပါသနည်း။

၅။ သိန္ဓောမြင်းတို့၏အပြုအမူကိုမြင်သည့်အခါ ရထားထိန်းသည် မည်ကဲ့သို့ သဘောထားပါသနည်း။

၆။ ရထားထိန်းသည် ၎င်း၏ စောင့်ထိန်းသော သီလကို မည်ကဲ့သို့ သဘောထားပါသနည်း။

၇။ ရထားထိန်းသည်တမန်တော်တို့အား မည်သူ၏ထံသို့ဂရုဓမ္မသီလကိုတောင်းဆိုရန် ညွှန်ကြားလိုက်ပါသနည်း၊

သူဌေးကြီးသည်မိမိ၏စောင့်ထိန်းသောသီလကိုသံသယဖြစ်ပုံ

တမန်တော်သို့သည်ရထားထိန်းထံမှ ဂရုဓမ္မသီလကိုရေးမှတ်၍ယူကြပြီးနောက် ရထားထိန်း ညွှန်ကြားလိုက်သည့် အတိုင်း သူဌေးကြီးထံသို့ သွားရောက်ကြလေသည်။ သူဌေးကြီးထံသို့ရောက်သောအခါ ပဋိသန္ထာရစကားများကို မေးမြန်းပြောဆိုကြပြီးနောက် သူဌေးကြီးက စဘင်၍ပြောဆိုသည်မှာ ....

သူဌေးကြီး — တမန်တို့ မည်သို့သော အကြောင်းကိစ္စဖြင့်လာရောက်ကြပါသနည်း။

တမန်များ – သူဌေးကြီး...အသင်သူဌေးမင်းသည် ဂရုဓမ္မသီလကို ကောင်းစွာ စောင့်ထိန်းသည်ဟုသိရပါသည်၊ ထိုကြောင့် သူဌေးမင်း၏ စောင့်ထိန်းသော ဂရုဓမ္မသီလကို အလိုရှိသောကြောင့် အကျွန်ုပ်တို့ ရောက်လာရပါသည်။

သူဌေးကြီး – တမန်တော်တို့.....ကျွန်ုပ်သည်ဂရုဓမ္မသီလကိုကောင်းမွန်စွာစောင့်ထိန်းသည်ကား မှန်ပေ၏။ သို့ပင် ဖြစ်သော်လည်း ယခုအခါ၌ ကျွန်ုပ်သည် မိမိ စောင့်ထိန်းသော သီလကို စင်ကြယ်သည်ဟု မနှစ်သက်နိုင်အောင်ဖြစ်နေပါသည်။

တမန်များ – အသင်သူဌေးမင်း.....ကျွန်ုပ်တို့သည် အသင် သူဌေးမင်း၏ ဂရုဓမ္မသီလ၌ ကောင်းမွန် စင်ကြယ်စွာ စောင့် ထိန်းကြောင်းကို သိရပါသည်။ ထိုသို့ စောင့်ထိန်းပါလျက် အဘယ်ကြောင့် စင်ကြယ်သည်ဟုမထင်ဘဲ သံသယဖြစ်ပါသနည်း။

သူဌေးကြီး – တမန်တော်တို့.... ကျွန်ုပ်စောင့်ထိန်းသောသီလကို မသန့်ရှင်း မစင်ကြယ်ဟု သံသယဖြစ်ရသည့်အကြောင်းရင်းကား..

ကျွန်ုပ်သည် တနေ့သောအခါ၌ မိမိ ပိုင်သောလယ်တောသို့သွားရောက်ပါသည်။ ထိုသို့သွား၍ စပါးပင်များ၌ အဖုံးမှထွက်သော သလေး စပါးနှံများကို ကြည့်ရှုပြီးနောက်၊ပြန်လာသည့်အခါ ကျွန်ုပ်၏စိတ်တွင်သလေးစပါးပန်းများကိုကြည့်ရှုရင်း ထိုစပါးများကို စည်းနှောင်၍ ပန်ဆင်လိုစိတ် ဖြစ်လာ ပါသည်။ ထိုသို့ ဖြစ်သောကြောင့်ကျွန်ုပ်သည် မိမိ၏လယ်မှ သလေးစပါးပန်းတဆုတ်ကို တပည့်များအားယူစေ၍ ကျွန်ုပ်၏*ဦးစွန်း၌ ပန်ဆင် စေပါသည်။

---

*ဦးစွန်းဆိုသည်မှာ ရှေးအခါထိပ်ထက်၌ ဆံပင်ကို ထုံးအပ်သောအထုံး သို့မဟုတ် ဆံပင်ကိုကြက်တောင်ကဲ့သို့ ထောင်နေအောင် စည်းနှောင် ထဲ့းသော အရာကို ခေါ်၏။ ဦးစွန်း၊ ဦးစွန်းဖုတ် စသည်ဖြင့်မြန်မာအခေါ် အမျိုးမျိုးရှိ၏။ ဆံပင်ကို ခေါင်းဘုံးရိပ်ခြင်းကိုဦးပြည်းသည်ဟု ဆိုခြင်းနှင့် ဆက်စပ် ကြည့်ရာ၏။ ထိုပြင် လည်း ထိပ်ထက်၌ပန်ဆင်သောပန်းကို ဦးစိုက်ပန်း ဦးခဆောက်ပန်းဟု ခေါ်ခြင်းဖြင့်လည်း ဆက်စပ်ကြည့်ရာ၏။ ဤနေရာ၌မူ ကားမဇ္ဈိမဒေသအကြောင်းဖြစ်သဖြင့် အိန္ဒိယနယ်စား မဟာရာဇာတို့ ခေါင်းထုပ်တွင်ငှက်မွေးများကို ထောင်၍ ပန်ဆင်သကဲ့သို့ ပန်ပုံမျိုးကို ဆိုလိုဟန်တူသည်။

အချင်းတို့...ကျွန်ုပ်သည် ထိုသို့ပန့်ဆင်စေပြီးနောက်မှ သတိရသည်မှာ ငါသည် ဤလယ်မှ ပြည့်ရှင်မင်းအား ထိုက်သင့်သော အခွန်*အဘို့ကို ပေး ဆောင်ရ၏။ ထိုသို့ဖြစ်လျက် ဤလယ်မှ အခွန်အဘို့ကို မပေးမဆောင်ရသေးပါဘဲလျက် သလေးစပါးပန်းတဆုတ်ကို ယူစေခဲ့လေပြီ။ ငါသည်လည်း ဂရုဓမ္မသီလကို စောင့်ထိန်း၏၊ ထိုသို့စောင့်ထိန်းပါလျက် အခွန်အဘို့ မနုတ်မပေးရသေးသော လယ်မှ သလေးစပါးပန်းတဆုတ်ကိုယူစေခဲ့လေပြီ၊ သို့ဖြစ်သောကြောင့် ငါ၏ စောင့်ထိန်းသော ဂရုဓမ္မသီလသည် ပျက်စီးခဲ့လေပြီ လော ဟု စိတ်တွင်သံသယဖြစ်၍နေခြင်းဖြစ်ပါသည် ဟုပြောဆိုလေသည်။

တမန်များ — အသင်သူဌေးမင်း...သူဌေးမင်းသည် မရိုးမဖြောင့်သောစိတ်၊ ခိုးယူလိုသောစိတ် ဆန္ဒမရှိပေ၊ ထိုသို့မရိုး မဖြောင့်သောစိတ် မရှိခြင်းကြောင့် အဒိန္နာဒါနကံသည် မဖြစ်

---

*အဘို့ဆိုသည်မှာ ဝေဌရန်ရှိသော အစုဖြစ်၏ ဤနေရာတွင် အခွန်အဘို့ဆိုခြင်းကြောင့် အခွန် အစု ခွဲပေးရန်ဆိုလိုသည်။

နိုင်ပါ၊ ဤမျှဖြင့်စိတ်တွင်သီလပျက်လေသလောဟုသံသယဖြစ်နေသေးလျှင် အသင်သူဌေးမင်းသည် သူတပါးပစ္စည်းဥစ္စာကိုအဘယ်မှာလျှင် မတရားယူပါတော့မည်နည်း။သို့ဖြစ်သောကြောင့် အသင်သူဌေးမင်း၏ စောင့်ထိန်းသော ဂရုမ္မသီလကိုသာအကျွန်ုပ်တို့အား ပေးတော်မူပါ။

သူဌေးကြီး—— တမန်တော်တို့…ထိုသို့ဖြစ်လျှင်အသင်တို့၏ ပါလာသောရွှေပြားတွင်ရေး၍ ယူကြပါလေဟု ပြောဆိုကာ ရေးစေ၏၊ ထိုသို့ရေးစေပြီးနောက်ဆက်လက်၍ပြောဆိုသည်မှာ အချင်းတို့….အသင်တို့ အလိုရှိသောကြောင့်သာ ကျွန်ုပ်၏ စောင့်ထိန်းသောသီလကို ရေး၍ ပေးရသော် လည်း ကျွန်ုပ်၏ စိတ်၌ မူကား မိမိစောင့်ထိန်းသော သီလကို စင်ကြယ် သည် ဟု မနှစ်သက်နိုင်သေးပါ၊သို့ဖြစ်သောကြောင့် အသင်တို့သည်စာရင်းကိုင်အမတ်ကြီးထံသို့သွား၍တောင်းကြပါလေ။ထိုစာရင်းကိုင်အမတ်ကြီးသည် ဂရုဓမ္မသီလကိုကောင်း

မွန်စင်ကြယ်စွာစောင့်ထိန်း၏ဟု ပြောဆို
ကာ ညွှန်ကြားလိုက်လေသည်။

## ခလေးများအတွက်
## မေးခွန်းများ

၁။ သူဌေးကြီး သည် မည် သည့် နေ ရာ သို့ သွား ရောက်ကြည့်ရှုပါသနည်း။

၂။ ထိုသို့ သွားရောက် ကြည့်ရှုပြီး မည်ကဲ့သို့ စိတ်ကူးပြီး မည်သည့်အရာဝတ္ထုကို ယူဆောင်ခဲ့ပါသနည်း။

၃။ သူဌေးကြီးသည် သူ ပြု လုပ် မိ သော အမှု ကို ဘယ်လိုတွေးမိပါသနည်း။

၄။ သူဌေးကြီးသည် သ လေး စ ပါး ပန်း ကို မည်သည့်နေရာတွင် ပန်ဆင်ပါသနည်း။

၅။ သူဌေးကြီးသည် ဘယ်လို သီလမျိုးကို စောင့်ထိန်းပါသနည်း။

၆။ သူဌေးကြီးသည် သူ၏လယ်မှ အခွန်အတုံကို မည်သူ့အားပေးရပါသနည်း။

၇။ သူဌေးကြီးသည် သူ၏သီလကို သန့်ရှင်းသည်ဟု ထင်ပါသလော။



မြေတိုင်းအမတ်ကြီးသည် ကျင်းအတွင်း၌ ပုဇွန်လုံးမရှိတန်ဟု
လင်တန်တိစိက်လိက်ရာ။

စာရင်းကိုင် အမတ်ကြီး သည် မိမိ၏ သီလကို သံသယဖြစ်ပုံ

သူဌေးကြီး ညွှန်ကြားလိုက်သည့် အတိုင်း တမန်တော် တို့သည်၊ စာရင်းကိုင် အမတ်ကြီးထံသို့ သွားရောက်ကြပြန်လေသည်။ စာ ရင်း ကိုင် အ မတ် ကြီး သည် တမန်တော်တို့အား ကောင်းစွာမေးမြန်း နှုတ်ခွန်း ဆက် သ ကြ ပြီး ပြု ဘွယ် ရာ ဝတ္တရား တို့ ကို ပြုလုပ်ပြီးနောက် — လာရောက်ခြင်း၏ အကြောင်းကို မေ မြန်း သ ဖြင့် တမန်တော်တို့က ပြောဆိုသည်မှာ....

တမန်များ — အသင် အမတ်ကြီး.......အကျွန်ုပ်တို့ တိုင်းပြည်၌၊ မိုးဆီး အ ညွှန် ခေါင် သော ကြောင့်၊ လူအပေါင်းတို့သည်၊ ဘေးဒုက္ခ အမျိုးမျိုး နှင့် ကြုံတွေ့ နေရပါ၏။ ထိုသို့ သောဘေးတို့မှ ကင်းဝေး စေရန် အလို့ ငှာ၊ အသင် အမတ်ကြီး၏ စောင့် ထိန်း သော၊ ဂရုဓမ္မ သီလ ကို အ လို ရှိ သော ကြောင့်၊ အကျွန်ုပ်တို့ လာ ရောက် ကြ ပါ သည်။

စာရင်းကိုင် အမတ် — တမန်တော်တို့....ကျွန်ုပ်သည် ဂရုဓမ္မ သီလကိုစောင့်ထိန်းသည်ကား မှန်ပေ၏၊ ထို သို့ စောင့် ထိန်း သော် လည်း၊ မိမိ စောင့်ထိန်းသော သီလ၌ သန့်ရှင်းသည်

ဟုမနှစ်သက်နိုင်ဘဲ။ သို့လော…သို့လော နှင့် သံသယ ဖြစ်နေပါသည်။

ငါ့မန်တော်–များ — အမတ်ကြီး……..အသင်၏ သီလကို အဘယ်ကြောင့် သန့်ရှင်းသည်ဟု မထင်ဘဲ သို့လော–သို့လောနှင့် သံသယ ဖြစ်နေပါသနည်း။

စာရင်းကိုင်အမတ် –တမန်တော်တို့….. ..ကျွန်ုပ်စောင့်ထိန်းသော သီလ၌ သန့် ရှင်း သည် ဟု မထင်ဘဲ သံ သ ယ ဖြစ်နေရသည့် အကြောင်းကား.. …ကျွန်ုပ်သည် တနေ့သောအခါ၌။ သူကြွယ်တို့၏ စ ပါး ကျီ တံ ခါး ၌ ထိုင်၍ ဘုရင်မင်းမြတ်၏ အခွန်အတွက်ဖြစ်သောစပါးများကို ခြင်စေပါသည်။ ထိုအခါ မခြင်ရသေးသောစပါးအပုံမှစပါးကို ယူ၍ ရေတွက်ခြင်းငှာ အ မှတ် ပြု လုပ် ၍ ထားပေ၏။

ထိုသို့ခြင်တွယ်နေစဉ်မှာ။ မိုးသည် ရတ်တရက် ရွာသွန်း လာလေ တော့၏။ ထိုအခါကျွန်ုပ်သည် စပါးခြင်ရာ၌အမှတ် ပြုလုပ်ထားသော စပါးများကို ယူ၍ ခြင်ပြီးသော စပါးသည် ဤရွေ့ ဤမျှ ရှိပြီဟု

ပြောပြောဆိုဆို ထိုအမှတ်ပြုထားသော စပါးကို စုပုံပြီးလျှင် ခြင်ပြီးသောစပါးပုံ၌ ထည့်သွင်းခဲ့၍၊ အလျင်အမြန် သွားပြီး တံခါးမုတ်၌ မိုးဃ်းခိုနေပါသည်။

ထိုနောက်မှ စဉ်းစားမိသည်မှာ ငါသည် ဘယ်လိုပြုလုပ် မိပါလိမ့်မည်နည်း။ ငါသည်အမှတ်ပြုလုပ်သော စပါးများကို ခြင်ပြီးသော စပါးပုံတွင် ထည့်ခဲ့မိလေသလော၊ သို့တည်းမဟုတ် မခြင်ရသော စပါးပုံ၌ပင် ပေါင်းစု၍ ထည့်ခဲ့မိလေသလော....ဟုစဉ်းစားမိပါ၏။ ထိုနောက် ကျွန်ုပ်သည် စိတ်တွင် ဖြစ်ပေါ်လာသည်မှာ......

"ငါသည်–ခြင်ပြီးသော စပါးပုံ၌အကယ်၍ ထည့်မိငြားအံ့။ ထိုသို့ထည့်ခြင်းအားဖြင့် အကြောင်းမဲ့သာလျှင် ဘုရင်မင်းမြတ်၏အဘို့ ဥစ္စာကို တိုးပွားစေပြီး သူကြွယ်တို့၏ ဥစ္စာကို ယုတ်လျော့စေ၍ ဖျက်ဆီးသကဲ့သို့ဖြစ်ရာ၏။ ငါသည်ကားဂရုမမွှသီလကို စောင့်ထိန်း၏။ သို့ဖြစ်သောကြောင့် ငါသည် ဤကဲ့သို့ သူတ

ပါး၏ ပစ္စည်း ဥစ္စာကို ဖျက်ဆီးခြင်း အကြောင်းမဲ့ တိုးပွားစေခြင်းတို့ကို ပြုမိခြင်းအားဖြင့် ငါ၏ စောင့်ထိန်းသော သီလသည် ပျက်စီးသည်ဖြစ်ရာ၏''....

ဟု ကျွန်ုပ်၏ စောင့်ထိန်းသော ဂရုဓမ္မသီလ၌ သန့်ရှင်းသည်ဟု မထင်ဘဲ၊ သံသယဖြစ်နေပါသည်။ ထိုကြောင့် အသင်တို့အား သန့်ရှင်းသည်ဟု မထင်သော သီလကိုပေးရန် မဖြစ်နိုင်ပါ။

တမန်များ— အသင်အမတ်ကြီး.. အမတ်ကြီးသည် သူကြွယ်တို့အားနစ်နာစေ၊ ပြည့်ရှင်မင်းကြီးအားသာစေ၊ ဆိုသောစိတ် စေတနာသည်မရှိပေ၊ ထိုသို့သော စိတ် စေတနာမရှိခြင်းကြောင့် အဒိန္နဒါနကံသည်လည်းမဖြစ်နိုင်ပါ။ ဤမျှလောက်နှင့်ပင် အပြစ်ရှိသည်ဟု သံသယ ဖြစ်နေသော သင် အမတ်ကြီးသည် သူတပါး၏ ဥစ္စာကို အဘယ်မှာလျှင် မတရားခိုးယူတော့မည်နည်း....ထိုကြောင့်အမတ်ကြီးစောင့်ထိန်းသော သီလကိုသာ အကျွန်ုပ်တို့အား ပေးတော်မူပါ။

စာရင်းကိုင်—အမတ် တမန်တော်တို့.......အသင်တို့သည် ဤမျှလောက် အလိုရှိပါလျှင် ရွှေပြားတွင် ရေး၍ယူကြလေလော့. .ဟု ဆို၍ ရေးစေ၏။ထိုနောက်ဆက်လက်၍ အမတ်ကြီးက ပြောဆိုသည်မှာ. တမန်တော်တို့..ဤသို့ ကျွန်ုပ်စောင့်ထိန်းသော သီလကို ရေး၍ ပေးရသော်လည်း ကျွန်ုပ်၏စိတ်တွင်မိမိ စောင့်ထိန်းသော ဂရုဓမ္မ သီလကို စင် ကြယ်သည်ဟု မနှစ်သက်နိုင်သေးပါ။ ထို ကြောင့် အသင်တို့သည် တံခါးမိုလ်ထံသို့ သွား၍။ ထိုဂရုဓမ္မသီလကို တောင်းကြ ပါလေ။ ထိုတံခါးမိုလ်သည်ကား ဂရုဓမ္မ သီလကို ကောင်းမွန် စင်ကြယ်စွာ စောင့် ထိန်းပေ၏ဟု.....ပြောဆိုကာညွှန်ကြား လိုက်ပြန်လေသည်။

## ခလေးများအဘို့ ဖြေကြားရန်မေးခွန်းများ။

၁။ စာရင်းကိုင်အမတ်ကြီးသည်၊ မည်သည့်အရာ ကိုပြုလုပ်နေစဉ် မိုဃ်းရွာလာပါသနည်း။

၂။ ထိုသို့ မိုဃ်းရွာ သည့် အခါ အမတ်ကြီးသည်

မည်ကဲ့သို့သော အရေးတွေကို ပြုလုပ်မိပါသနည်း။

၃။ ထိုနောက် အမတ်ကြီးသည်၊ မည်ကဲ့သို့ စဉ်းစားပါသနည်း။

၄။ စာရင်းကိုင် အမတ်ကြီးသည်၊ မိမိ ပြုလုပ်မိသော အမှုကို အပြစ် ကင်း သည် ဟု ထင်ပါသလော။

၅။ အမတ်ကြီးသည် သူကြွယ် တို့ နှင့် ပြည့်ရှင်မင်းတို့အနက်၊ မည်သူ့ကို ဥစ္စာပိုရစေရန် ပြုလုပ်ပါသနည်း။

၆။ အမတ်ကြီး သည် သူ၏ စောင့် ထိန်း သော သီလကိုဘယ်လိုသဘော ထားပါသနည်း။

၇။ တမန် တို့ ... အမတ်ကြီး အား မည်ကဲ့သို့ ပြောဆိုကြပါသနည်း။

ထံခါးဗိုလ်သည် မိမိ၏ သီလ၌ သံသယဖြစ်ပုံ

တမန်တော်တို့သည်၊ စာရင်းကိုင် အမတ်ကြီး ညွှန်ကြားလိုက်သည် အတိုင်း တံခါးဗိုလ် ထံသို့ သွား ရောက် ကြ လေသည်၊ ထိုအခါတံခါးဗိုလ်သည်ရောက်လာကြသော တမန်တော်တို့အား၊ ပြဘွယ်ရာဝတ္တရားတို့ကို၊ ပြုလုပ်ကာ ပင့်သန္တာရစကား များ

ကိုပြောဆိုကြပြီးနောက် တမန်တော်တို့က ပြောဆိုသည်မှာ......

တမန်များ — တံခါးမိုလ်မင်း....အသင်တံခါးမိုလ်သည် ဂရုဓမ္မသီလကို ကောင်းစွာ စောင့်ထိန်းကြောင်းကို သိရပါ၏။ ထိုကြောင့် အကျွန်ုပ်တို့သည် ထိုသင်အမတ်ကြီး စောင့်ထိန်းသော ဂရုဓမ္မသီလကို အလိုရှိသောကြောင့် လာရောက်ကြပါသည်။ ကျွန်ုပ်တို့အား အမတ်ကြီး စောင့်ထိန်းသော ဂရုဓမ္မသီလကိုပေးတော်မူပါ။

တံခါးမိုလ်— တမန်တော်တို့... ကျွန်ုပ်ကား ဂရုဓမ္မသီလကိုစောင့်ထိန်းသည်ကား မှန်ပေ၏။ ထိုသို့စောင့်ထိန်းသော်လည်း ယခုအခါ ကျွန်ုပ်စောင့်ထိန်းသော သီလ၌ သန့်ရှင်းသည်ဟု မနှစ်သက်နိုင်ဘဲ ရှိနေပါသည်။

တမန်များ — အသင်တံခါးမိုလ်.......အသင်သည် ဂရုဓမ္မသီလကို ကောင်းမွန် စင်ကြယ်စွာ စောင့် ထိန်း ပါ လျက် အ ဘယ် ကြောင့် မစင်ကြယ်ဟု သံသယဖြစ်ပါသနည်း။

တံခါးမိုလ် — တမန်တော်တို့......ကျွန်ုပ်စောင့်ထိန်းသောသီလ၌ သန့်ရှင်း စင်ကြယ်သည်ဟု

မထင်ဘဲသံသယဖြစ်နေရသည့် အကြောင်းသည်ကား....ကျွန်ုပ်သည် တနေ့သောအခါမြို့တံခါးတွင် မိမိပြုလုပ်မြဲဝတ္တရားအတိုင်း အချိန်မှန်မှန် တံခါးကို ပိတ်ရန်အတွက် နေ့စဉ် ပြုလုပ်နေကြဖြစ်သော အထိမ်းအမှတ်ဖြင့် ၃ ကြိမ်တိုင်တိုင် အသံကိုကြွေးကြော်၏။

ထိုသို့ ကြွေး ကြော်သော အ ခါ တယောက်သောသူဆင်းရဲယောကျ်ားသည် မိမိ၏ နွမငယ်နှင့်အတူ ထင်းနှင့် ဟင်းသီးဟင်းရွက် စသည်တို့ကို တောတွင် ရှာဖွေခူးယူ၍ပြန်လည်လာကြသည်နှင့်ကြုံကြိုက်နေတော့၏။ ထိုအခါ အဆိုပါ သူဆင်းရဲယောကျ်ားသည် ကျွန်ုပ်၏ ကြွေးကြော်သံကိုကြားလျှင် မိမိ၏ နွမငယ်ကို ခေါ်ပြီးလျှင်မြန်စွာသောအဟုန်ဖြင့် ပိတ်အံ့ဆဲဆဲဖြစ်သောမြို့တံခါးသို့ ရောက်လာကြ၏။

ထိုသို့ရောက်လာကြသည့်အခါ ကျွန်ုပ်က ထိုသူဆင်းရဲယောကျ်ားအား "သင်သည် ဘုရင်မင်းမြတ် ရှိသည် လို့မှ မသိလေသလော.....ငါသည်မိမိဝတ္တရားအ

တိုင်း အချိန်ကို လေးစားကာ တံခါးကို အချိန်မှန်မှန် ပိတ်ရသည်ကို သင်မသိလေ သလော....မိမိ၏ မယားကို ခေါ် ယူ၍ ကာမဂုဏ်၌ မွေ့လျော် ပျော်ပါး လျက် တနေ့ပါတ်လုံး လှည့်လည် ပျော်မြူးနေ ပေ၏''ဟု ပြောဆိုမိပါသည်။

ထိုအခါ သူဆင်းရဲယောက်ျား က ကျွန်ုပ်အား မိုလ်မင်း......ဤ သူငယ်မ သည်ကား အကျွန်ုပ်၏ မယားမဟုတ်ပါ၊ အကျွန်ုပ်၏ နှမ ဖြစ်ပါသည်ဟု ပြောဆို ပါသည်။ ထိုအခါမှ ကျွန်ုပ်သည်ငါကား နှမကို မယားဟူ၍ စွတ်စွဲပြောဆိုမိချေပြီ။ ငါသည်လည်း ဂရုဓမ္မသီလကို စောင့် ထိန်းပေ၏။ ထိုသို့ စွတ်စွဲမိသောကြောင့် ငါ စောင့်ထိန်းသော ဂရုဓမ္မသီလသည် ပျက်လေပြီလောဟု စိတ်တွင် သံသယဖြစ် နေပါသည်၊ သို့ဖြစ်သောကြောင့် သင်တို့ အားကျွန်ုပ်စောင့်ထိန်းသောဂရုဓမ္မသီလ ကိုပေးရန်မနှစ်သက်နိုင်ပါဟု ပြောဆို၏။

တမန်များ — အသင်တံခါးမိုလ်....အသင်သည် ကို သူငယ်မကို မယားဟု ထင်သောကြောင့်

သာပြောဆိုမိခြင်းဖြစ်ပေသည်။တမင် နှုတ်နာစေလိုသော စေတနာဖြင့် သိလျက်နှင့် ပြောဆိုခြင်း မဟုတ်သောကြောင့် သီလ ပျက်စီးခြင်း ရှိပါ။ဤမှ့လောကိအမှားအယွင်းကို ပင် စိတ် တွင် စိုးရိမ်ပြီး သံသယ ဖြစ်နေသေးလျှင် အသင်သည် သီလပျက် ရန်အမှုကို အဘယ်မှာလျှင် ပြုတော့ပါ မည်နည်း။ ထို ကြောင့် သင် တံခါးမိုလ် စောင့်သော ဂရုဓမ္မ သီလကိုသာ ကျွန်ုပ် တို့အားပေးတော်မူပါ။

တံခါးမိုလ် – တမန်တော်တို့.....ထိုသို့ဖြစ်လျှင် အသင်တို့၌ပါသော ရှေ့ပြားတွင် ရေးမှတ်၍ ယူကြ ပါလေ။ သို့ပင် ဖြစ် သော် လည်း ကျွန်ုပ်စောင့်ထိန်းသော သီလ၌ သန့်ရှင်း စင်ကြယ်သည်ဟု မနှစ်သက် နိုင်သေးပါ။ ထိုကြောင့်သင်တို့သည် ဤ တိုင်းပြည် ၏ ပြည့်တန်ဆာမထံသို့ သွား၍ တောင်းကြ ပါလေ။ထိုပြည့်တံဆာမသည်ဂရုဓမ္မသီလ ကို အလွန်စင်ကြယ်စွာ စောင့်ထိန်းပေ၏ ဟု ပြော၍ ညွှန်ကြားလိုက်ပြန်လေသည်။

## ခလေးများအတွက်
## မြေကြားရန် မေးခွန်းများ။

၁။ တံခါးဗိုလ်သည် ၎င်း၏ အလုပ်ဝတ္တရားကို ဆောင်ရွက်ရာတွင် တာဝန် ကျေပြွန်သလော သို့မဟုတ် ပေါ့လျော့မှု ရှိသလော။

၂။ တံခါး ဗိုလ် သည် တနေ့သောအခါ၌ သူ၏ အလုပ်ဝတ္တရားကို မည်ကဲ့သို့ ဆောင်ရွက်ပါ သနည်း။

၃။ ထိုအခါတွင် မည်သူတွေလာကြပါသနည်း။

၄။ ထို သူ တွေ ကို တံခါးဗိုလ်က မည်ကဲ့သို့ပြော ဆိုပါသနည်း။

၅။ ထိုသူ တွေ ကို တံ ခါး ဗိုလ် က ပြော ဆို ခြင်း သည် ၎င်း၏အလုပ်ဝတ္တရားနှင့်မည်သို့ သက်ဆိုင်ပါသနည်း။

၆။ တံခါးဗိုလ်သည် မိမိ ပြော ဆို ခြင်း အတွက် အပြစ်ကင်းသည်ဟု ထင်ပါသလော။

၇။ တံခါးဗိုလ်သည် မိမိ၏ စောင့် ထိန်း သော ဂရုမြေ သီလကို သန့်ရှင်း သည် ဟု ထင် ပါ သလော။

**ပြည့်တန်ဆာမ သည်မိမိ၏ စောင့် ထိန်းသော သီလ၌ သံသယဖြစ်ပုံ**

တံခါးဗိုလ်၏သွန်ကြားချက်အရတမန်တော်တို့သည် ထို ဇာန္ဒပတ္တပြည်၏ *ပြည့်တန်ဆာမထံ သို့ ဂရုဓမ္မသီလကို တောင်းဆိုရန် သွားရောက်ကြလေသည်။ ပြည့်တန်ဆာမ ထံသို့ ရောက်ကြသောအခါ တဦးကိုတဦးမေးမြန်းပြောဆိုဘွယ်တို့ကို မေးမြန်းပြောဆိုကြပြီးနောက် တမန်တော်တို့က ပြောဆိုကြသည်မှာ....

တမန်များ — နှမငယ်.. ...သင်သည် ဂရုဓမ္မသီလကို ကောင်းမွန် စင်ကြယ်စွာ စောင့်ထိန်းသည်ဟု သိရပါ၏။ ထိုကြောင့် ကျွန်ုပ်တို့သည် နှမငယ် ထံမှ ဂရုဓမ္မ သီလ ကို တောင်းဆိုရန်ရောက်လာကြပါသည်။

ပြည့်တန်ဆာမ- မောင်ကြီးတို့.....ကျွန်ုပ်သည် ဂရုဓမ္မသီလကို စောင့်ထိန်းသည်ကားမှန်ပေ၏။ ထိုသို့စောင့်ထိန်းပါသော်လည်း ယခုအခါ ကျွန်ုပ်၏စိတ်၌ မိမိ စောင့်ထိန်းသော

---

*ပြည့်တန်ဆာမဆိုသည်ကား ယခုခေတ် ကာလရှိ ပြည့်တန်ဆာမျိုး မဟုတ်ချေ၊ ငါ့ပြည့်တန်ဆာမျိုးမှာ တိုင်းပြည် စည်ပင်သာယာစည်ကားရေးအတွက်ကိုအကြောင်းပြု၍အချောဆုံး၊ အလှဆုံး မိန်းမကို ရွေး၍ချယ်ကာဘုရင်မင်းမြတ်အစိုးရကိုယ်တိုင် အသိ အမှတ်ဖြင့် ထားရသောပြည့်တန်ဆာမျိုး ဖြစ်လေသည်။

သီလကို သန့်ရှင်းသည်ဟု မထင်ဘဲ သို့လော....သို့လော.... နှင့် တွေးတောသံသယ ဖြစ်နေပါသည်။ သို့ဖြစ်သောကြောင့် ထိုကျွန်ုပ်စောင့်ထိန်းသော ဂရုဓမ္မသီလကိုပေးရန်မနှစ်သက်နိုင်ပါ။

တမန်များ – နှမငယ်....သင်သည် ဂရုဓမ္မသီလကို အလွန်လျှင်စင်ကြယ်စွာစောင့်ထိန်းသည်ဟု သိရပါ၏။ ထိုသို့အလွန် စင်ကြယ်စွာ စောင့်ထိန်းသည် ဖြစ်ပါလျက် အဘယ်အတွက်ကြောင့် မိမိ၏ သီလကိုမသန့်ရှင်း မစင်ကြယ်ဟု သို့လော.....သို့လောနှင့် တွေးတောသံသယဖြစ်နေရပါသနည်း။

ပြည့်တန်ဆာမ- မောင်ကြီးတို့....ကျွန်ုပ်၏စိတ်တွင်ထို သို့မိမိသီလကို မစင်ကြယ်ဟု သံသယဖြစ်ရသည့်အကြောင်းကား...ဤသို့တည်း... တနေ့သောအခါ ယောကျ်ားပျို တယောက်သည် ကျွန်ုပ်ထံသို့ လာရောက်၍ ထုံးစံအတိုင်း အသပြာတထောင်ထုတ်ကို ပေးလာပါသည်။ ထိုသို့ ပေးပြီးနောက် ကျွန်ုပ်အား "ချစ်နှမ ဤ အသပြာ တထောင်ကို ယူထားနှင့်ပါ ကျွန်ုပ် ယခုပင်

ပြန်လာခဲ့ပါအံ့”ဟု ပြောဆို၍ထွက်သွားပါသည်။

ကျွန်ုပ်သည် ထိုယောကျ်ားပျို ပြန်လာလိမ့်နိုးနှင့် စောင့်မျှော်နေပါသော်လည်း ထိုနေ့အဘို့ အချိန် ကုန်ဆုံး သွား သည် တိုင်အောင် အဆိုပါ ယောကျ်ားပျိုသည် ပေါ်၍မလာပါ။ ထိုသို့ဖြင့် ကျွန်ုပ် သည် ဆက်လက်၍ စောင့်မျှော်ရာတနေ့ သော်လည်း မပေါ်လာ တရက် သော် လည်း မရောက်လာဘဲ ရက်မှသည်လ၊ လမှသည် နှစ်သို့ ကူးပြောင်းတိုင် ရောက်ခဲ့ပါသည်၊ အဆိုပါ ယောကျ်ား ပျို ကား ပေါ် ၍ မလာပါ။

ကျွန်ုပ် သည်လည်း ဂရု ဓမ္မ သီလကို စောင့်ထိန်းသောကြောင့် ထိုယောကျ်ားပျို၏ အသပြာ ရိက္ခာကို ယူထားပြီးသည် အတွက် အခြား တပါးသော သူတို့ ထံမှ ရိက္ခာကိုမယူဘဲ ယောကျ်ား ပျို ကိုသာ စောင့်မျှော်နေခဲ့ပါသည်။ ထိုသို့ စောင့်မျှော်နေသည်မှာ မည်မျှ အချိန်ကြာသွားပါသနည်းဆိုလျှင် အချိန်သည် တဖြေး

ဖြေး ကုန်ဆုံး၍ ၃ နှစ်သို့ တိုင်တိုင် ကြာ ညောင်းခဲ့ပါ၏။ ကျွန်ုပ်မှာလည်း သီလ ပျက်မည်စိုးသောကြောင့် တပါးသောသူ ထံမှ တချင်ရွေး ကွမ်း တရာကို မျှလည်း မယူဘဲနေခဲ့သဖြင့် အလွန်လျင် ဆင်းရဲငြို ငြင်ခြင်းသို့ရောက်ရပါတော့သည်။ ထိုသို့ ဖြင့် ၃ နှစ်တိုင်တိုင် ကြာပါသော်လည်း အဆိုပါ ယောကျ်ားပျိုသည် ပေါ်မလာ သောအခါကျွန်ုပ်သည် ယခုလိုအကြံ ဖြစ် ပေါ်ပါသည်၊ အဘယ်ကဲ့သို့ဖြစ် ပေါ်ပါ သနည်း ဆိုလျင်....

"ငါ့အားအသပြာတထောင်ထုတ်ကို လာ၍ ပေးသွားသော ယောကျ်ားသည် ယနေ့တိုင်အောင် စောင့်ဆိုင်း၍ မျှော်ပါ သော်လည်း မပေါ်လာပေ၊ ငါ့မှာလည်း တပါးသော သူထံမှ ရိက္ခာ အဘိုးအခကို မယူဘဲ စောင့်စည်းကာနေသဖြင့် အလွန် လျင် ဆင်းရဲ ပင်ပန်း ခြင်းသို့ ရောက်ခဲ့ရ လေပြီ။မိမိ၏အသက်မွေးမြူရေးလုပ်ငန်း ကိုမျှ စေ့ ဆော် သ မှု လုံ့လ ပြုခြင်းငှာမ တတ်နိုင်ပေ။ ထိုကြောင့် ငါသည် ဤအ

ကြောင်းကို တရားဆုံးဖြတ်ရာ ဖြစ်သော တရားလွှတ်တော်သို့ သွားရောက်၍ လျှောက်ထားပေအံ့”ဟု ကြံပြီးလျှင် တရားလွှတ်တော်သို့သွားရောက်ပေ၏။

## တရားလွှတ်တော်၌ အဆုံးအဖြတ်ခံပုံ

---

ပြည်တန်ဆာမ- အရှင်တို့....ကျွန်တော်မအား အကိုးအခ ရိက္ခာအတွက် အသပြာ တထောင် ပေး၍ သွားသော ယောက်ျားသည် နေ့ရက်အချိန်ကို တွက်ခစ်လျှင်-၃ နှစ်သို့တိုင် ရောက်ခဲ့ပါသော်လည်း ယနေ့တိုင်ပေါ်၍ မလာပါ။ထိုယောက်ျား၏သေလွန်သော အဖြစ် ရှင်သေး သည် အဖြစ်ကို လည်း ကျွန်တော်မ မသိပါ။ ထိုကြောင့်ဤကိစ္စကို တရားဆုံးဖြတ်ပေးတော်မူပါ။

လွှတ်တော်-ဝန်ကြီး- နှမငယ်.....သင်သည် မည်သို့သော အဆုံးအဖြတ်ကိုအလိုရှိလေသနည်း။

ပြည်တန်ဆာမ- အရှင်တို့...ကျွန်တော်မမှာ ၃ နှစ်သို့ တိုင်တိုင် အသက်မွေးမြူရာအတွက် စီမံ သင့်လျော်စေ့ဆော်ခြင်းငှာ မတတ်နိုင်၍



သိန္ဓောမြင်းတို့သည် နှင်တံအမှတ်ပေးသော နေရာသို့ရောက်လျှင် အဟုန်ဖြင့်ပြေးကြ၏။

အလွန်လျှင် ဆင်းရဲ ပင်ပန်း နေပါပြီ။ ထို ကြောင့် ယခုအခါ တပါးသောသူတို့ထံမှ ရိက္ခာအဘိုးအခကို ယူနိုင်မယူနိုင်ကို ဆုံး ဖြတ်ပေးတော်မူပါ။

သွတ်တော် ဝန်ကြီး — *နှမငယ်..... သင်အား အသပြာတ ထောင်ပေး၍ သွားသောသူသည် ၃ နှစ်သို့ တိုင်အောင် မလာ ရောက်ခဲ့သည်ရှိသော် ရှေ့သို့ဆက်လက်၍အဘယ်မှာ စောင့်နိုင် တော့အံ့နည်း။ ထိုကြောင့် ဤနေ့ ဤရက် မှစ၍ တပါးသောယောက်ျားထံမှ ရိက္ခာ အဘိုး အခကို ယူလေလော့....ဟုတရား ဆုံးဖြတ်၍ပေးလိုက်လေသည်။

ကျွန်ုပ်သည် တရားလွှတ်တော်မှ အ ဆုံးဖြတ်ကို ခံယူပြီး နောက် ထိုနေရာမှ ထွက်၍လာခဲ့သည် အခါ အခြား တ ယောက်သော ယောက်ျားပျိုသည် ကျွန်ုပ်

---

*ရှေးအခါက လင်မယားတို့သည် ၃ နှစ် တိုင်အောင် စရိတ် စက မပေးလျှင် အလိုလို ပြတ်စဲသည်ဟု ထုံးရှိသည်မှာ ဤဝတ္ထု သာဒကကို ထောက်၍ဖြစ်ပေရာ၏၊ အဘယ်ကြောင့်ဆိုလျှင် ရှေးမင်းတို့သည် မိမိတို့ ဗုဒ္ဓဘာသာ၌ တရားဥပဒေ ဓမ္မသတ်များကို ရေးဆွဲ၍ အုပ်ချုပ်ကြသော ကြောင့် ဖြစ်ပေသည်။

၏ အနီးသို့ လာရောက်၍ အသပြာ တထောင်ထုတ်ကိုပေးပေ၏။

ထိုအခါကျွန်ုပ်သည်တရားလွှတ်တော်မှအဆုံးအဖြတ်ကိုရရှိပြီးဖြစ်သောကြောင့် ထိုအသပြာထုတ်ကို ယူရန်အတွက် လှမ်းလင့်ကာလက်ကိုဆန့်လိုက်သည်နှင့်တပြိုင်နက်၊ ယခင်-၃. နှစ်အရင်က အသပြာတထောင်ပေး၍ သွားသော ယောကျ်ားပျိုသည် ရုတ်တရက်ချက်ချင်း ပေါ်ပေါက်၍ လာလေတော့၏။

ကျွန်ုပ်သည် ထိုယောကျ်ားအား တွေ့မြင်သည်နှင့် တပြိုင်နက်ပင် အသပြာငွေထုတ်ကို ယူရန်အတွက် ဆန့်တန်းသောလက်ကိုကွေးယူ ရုပ်သိမ်းလိုက်ပြီးနောက် "ကျွန်ုပ်အား လွန်ခဲ့သော ၃ နှစ်အရင်က အသပြာတထောင် ပေး၍သွားသော ယောကျ်ားသည် လာခဲ့လေပြီ။ အသင်၏ အသပြာကို ကျွန်ုပ် အလိုမရှိ တော့ပါ"...ဟုဆိုကာထိုခဏ၌ လာရောက်၍ အသပြာထုပ်ကိုပေးသောသူအားငြင်းဆိုလိုက်လေသည်။

ထိုသို့ ငြင်းဆိုလိုက်ပြီးနောက် ယခင် ၃ နှစ်အရင်က အသပြာ တထောင်ပေး၍ သွားသော ယောက်ျားပျိုသည် ချက်ချင်း ပင် "သိကြားမင်း" ၏ အသွင်ကိုပြလျက် နုသောနေရောင်ခြည် အဆင်းကဲ့သို့ထွန်း လင်း သော ကိုယ် ဖြင့် ကောင်းကင်၌ ရပ် တည်လျက်နေ၏။ ထိုအခါအားလုံးသော မြို့သူ မြို့သား အပေါင်း တို့ သည် လည်း အုတ် အုတ် ကျက်ကျက် စည်းဝေးရောက် လာကြပြီးလျှင် အံ့သြစွာကြည့်ရှုနေကြ၏။ သိကြားမင်းသည် လူအပေါင်းတို့၏ အ လယ်၌နေ့လျက်ပြောဆိုသည်မှာ....

"ငါသည် ဤ ပြည့် တန် ဆာ မ အား သီလကိုစမ်းလိုသဖြင့် ယနေ့မှ ပြန်၍ ရေ တွက်လျှင်-၃ နှစ်ကျော်အခါက အသပြာ တထောင်ကိုပေးခဲ့ပေ၏။ ပြည့်တန်ဆာမ သည် ၃ နှစ်တို့ ကာလပတ်လုံး ဆင်းရဲ ဒုက္ခခံ၍စောင့်စည်းကာ တပါး သော သူ ထံမှ ကွမ်းတရာ တချင်ရွေးကိုမျှလည်း မ ယူပေ။ ယခုတပါးသောယောက်ျားသည် အသပြာတထောင်လာ၍ပေးသည်ကိုတရာ

အဆုံးအဖြတ်လည်းရရှိပြီးပါလျက်-၃နှစ် အရင်က အသပြာပေးသွားသော ယောက်ျားကိုမြင်သည်နှင့်ဆန့်တန်းသော လက်ကို ပြန်လည် ကွေးယူ ရုပ်သိမ်းကာ ငြင်းဆိုလိုက်ပေသည်''

သီလကိုစင်ကြယ်စွာစောင့်ထိန်းသည် ဆိုသည်မှာ ဤပြည့်တန်ဆာမကဲ့သို့သော စောင့်ထိန်းပုံမျိုးကို စောင့်ထိန်းကြကုန် လော့...ဟုလူအပေါင်းတို့အား အဆုံးအမ ကို ပေး ၏။ ကျွန်ုပ်အားလည်း မမေ့ မလျော့ တရားကိုကျင့်လေလော့ဟုပြောဆို မှာကြားပြီးနောက် ကျွန်ုပ်၏အိမ်ကို ရတနာ ၇ ပါးတို့ဖြင့်ပြည့်အောင်ဖြစ်စေလျက် နတ်ပြည်သို့ပြန်လေသည်။

မောင်ကြီးတို့...ဤအထက်ဆိုကဲ့သည် အကြောင်းများအနက် ကျွန်ုပ်သည် အသ ပြာတထောင်ယူထားသည်မှာမကျေသေး ပါဘဲလျက်နှင့် အခြားသောသူတဦးထံမှ အသပြာကို ယူရန် အလို့ငှာ လက်ကိုဆန့် တန်း လှမ်းလင့်မိပေ၏။ ဤသို့ပြုမိသော ကြောင့် ကျွန်ုပ်၏စောင့်ထိန်းသောဂရုဓမ္မ

သီလသည်သန့်ရှင်းသည်ဟု မနှစ်သက်နိုင်ဘဲရှိနေပါသည်။ ထိုကြောင့် ကျွန်ုပ်စောင့်ထိန်းသောသီလကိုအသင်တို့အားပေးရန် မဖြစ်နိုင်ပါဟု ပြောဆိုလေသည်။

တမန်များ— အို....နှစ်မငယ်အသပြာထုတ်ကိုယူရန် လက်လှမ်းမိကာမျှဖြင့် သီလပျက်ခြင်း မရှိပါ။ အသင် စောင့်ထိန်းသော သီလသည် အတိုင်းထက်အလွန်အထူးသဖြင့်စင်ကြယ်သောသီလဖြစ်ပေ၏ဟု ပြောဆို၍ ပြည့်တန်ဆာမထံမှ ဂရုဓမ္မသီလကို နှုတ်ယူပြီးလျှင် ရွှေပြားအပြင်တွင် ရေးသားကြလေသည်။

## တမန်တော်တို့ပြန်ခြင်း

ထိုကဲ့သို့တမန်တော်တို့သည်အထက်ဖော်ပြပါ အတိုင်း "ပုဂ္ဂိုလ်ထူး ဆယ့်တဦး" တို့ထံမှ ၎င်းတို့၏စောင့်ထိန်းသော ဂရုဓမ္မသီလတို့ကို မိမိတို့ယူဆောင်ခဲ့သောရွှေပြားတွင်ရေးမှတ်ကြပြီးနောက်၊ ဒန္တပူရမြို့သို့ပြန်သွားကြပြီးလျှင်ကာလိင်္ဂမင်းမြတ်အား ဂရုဓမ္မသီလကို ပေးဆက်ကြလေ၏။ ထိုနောက် မိမိတို့တွေ့ကြုံကြားသိရသည့် အကြောင်း အရာ တို့ ကို လည်း အလုံးစုံ

လျှောက်ထားကြကုန်၏။

ထိုအခါ ကာလိင်္ဂမင်းမြတ်သည် ထိုဂရုဓမ္မသီလကို ကောင်းစွာ စောင့်ထိန်း၍ အခြား သော သူတို့အား လည်းစောင့်ထိန်းစေလျက် ငါးပါးသောသိက္ခာသီလ တို့ကိုပြည့်စုံအောင် ကျင့်သုံးလေသည်။ ထိုသို့ပြုလုပ် သောအခါ၌ပင်လျှင် ကာလိင်္ဂတိုင်းပြည် တပြည်လုံး၌ ခိုးသည့်ရွာသွန်းလေတော့၏။ ၃ ပါးသောဘေးတို့ မှလည်း ငြိမ်းအေးချမ်းသာရကြကုန်၏။ တိုင်းနိုင်ငံ အလုံး၌လည်း ငြိမ်းချမ်းသာယာ ဝပြောခြင်း ဖြစ်လေ တော့သတည်း။

ကလေးများအတို့
ဖြေကြားရန် မေးခွန်းများ။

၁။ ပြည့်တန်ဆာမထံသို့ မည်သူ လာ ရောက် ပြီး မည်သည့်အရာဝတ္ထုကို ပေးသွားပါသနည်း။
၂။ ထိုသူသည် ပြောသည့်အတိုင်း လာရောက်ပါ သလော။
၃။ ပြည့်တန်ဆာမသည် ဘယ်လိုတရားကို စောင့် ထိန်းပြီး မည်ကဲ့သို့ စောင့် ထိန်း နေထိုင် ပါ သနည်း။
၄။ ဖြစ်ပွားသော အမှုကို ပြည့်တန်ဆာမသည် မည်သူ၏ထံသို့သွား၍ အဆုံးအဖြတ်ကို ခံယူ

သနည်း။

၅။ ပြည့်တန်ဆာမသည် မည်ကဲ့သို့သော အဆုံး အဖြတ် ရရှိခဲ့ပါသနည်း။

၆။ ထိုနေရာမှ ထွက်လာသည့်အခါ မည်သို့သော အကြောင်းကိစ္စ ပေါ်ပေါက်လာပါသနည်း။

၇။ သိကြားမင်းက မည်ကဲ့သို့သော အဆုံး အမ ကို ပေးပါသနည်း။

၈။ တမန်တော်တို့ ပြန်သွား ပြီး နောက် ကာလိင် တိုင်းပြည်၌ ဘယ်လိုအခြေအနေပြောင်းလဲပါ သနည်း။

၉။ ဂရုဓမ္မသီလကိုကျင့်သုံးဆောက်တည်ကြသည့် အခါ တိုင်းပြည်နိုင်ငံတခုလုံး၌ မည်သို့သော အကျိုးကျေးဇူးများ ဖြစ်ထွန်းပါသနည်း။

---

ဤသို့အားဖြင့် အထက်၌ ဖေါ်ပြခဲ့သော ပုဂ္ဂိုလ်ထူး ဆဲ့တဦး ဝတ္ထုသည်ကား မြတ်စွာဘုရားသခင် ကိုယ် တော် မြတ် သည် သာ ဝတ္ထိ ပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးတော်မူစဉ် အခါ သူတပါး၏ အ သက်ကို သတ်သော ရဟန်းကို အကြောင်းပြု၍ ဟော တော်မူခြင်းဖြစ်ပေသည်။ ထို ရ ဟ န်း ၏ အ ကြောင်း သည်ကား....

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့်အခါက မဇ္ဈိမ ဒေသ ကောသလ တိုင်း သာဝတ္ထိပြည် (ယခုအခါ ဥတ္တရပဒေသခေါ် မြောက်ပိုင်းအိန္ဒိယဖြစ်သည့်) တွင် လွန်စွာ ချစ်ကျွမ်းဝင်ကြသော သူငယ်ချင်း ၂ ဦးတို့ ရှိကြ၏။ ထိုလွန်စွာချစ်ကျွမ်းဝင်ကြသော သူငယ်ချင်း ၂ ဦးတို့သည် အိမ်ယာဘဲ့နှောင်သောလူ့ဘောင်၌ ငြီးငွေ့ပြီး ရဟန်းပြုလိုသောကြောင့်ရဟန်းတော်တို့ထံသို့ သွားရောက်ကြ၍ ခွင့်ပန်လျှောက်ထား၊သဖြင့် အခွင့်ရရှိကာ ရဟန်းအဖြစ်သို့ ရောက်ကြလေ၏။

ထိုရဟန်း ၂ ပါးတို့သည် လူအဖြစ်၌ ရင်းနှီးချစ်ခင်ခြင်း ရှိသည်အတိုင်း ရဟန်းဘဝသို့ရောက်သောအခါ၌လည်း ရင်းနှီးမြဲရင်းနှီးကြကာ များသောအားဖြင့် သွားလည်းအတူ နေမူမကွဲတတွဲတွဲနှင့် အမြဲပင် အတူတကွ သာလျှင် သွားလာ လှည့်လည်လေ့ရှိသော ဟူသတတ်။

ထိုသို့ ချစ် ခင် ရင်း နှီး စွာ နေကြရင်း တနေ့သော အခါ ထိုရဟန်း ၂ ပါးတို့သည် အစိရဝတီမြစ်သို့ သွားရောက်၍ရေချိုးကြပြီးလျှင် နေပူဇာလှုံကြရင်း တဦးကို တဦး အလွန် ်ခင်မင်ရင်းနှီးသော အထိမ်း အမှတ်ဖြင့် တသက်ပတ်လုံးမမေ့နိုင်ဘွယ်ရာ ပဋိညာဏ် ဂတိစကားတို့ကို အမှတ်တရ ပြောဆိုနေကြလေသည်။

ထိုအခါ ဟင်္သာ ၂ ကောင်တို့သည် ကောင်းကင်ခရီးဖြင့်ရဟန်းတို့ရှိရာဘက်သို့ရှေ့ရှုပျံသန်းလာသည်ကိုအဆိုပါရဟန်းတို့ မြင်ကြလျှင် တပါးသော ရဟန်းငယ်က ကျောက်ခဲကိုလျှင်စွာကောက်ယူလျက် အခြားသောရဟန်းအား ပြောဆိုသည်မှာ....

ရဟန်းငယ် – ငါ့ရှင်....ငါသည်ဟင်္သာ၂ကောင်အနက်တကောင်သောဟင်္သာ၏မျက်လုံးကိုပစ်လိုက်မည်။

ဒု-ရဟန်း — ငါ့ရှင်....သင်သည်ထိုသို့ပစ်ရန် စွမ်းနိုင်မည်မဟုတ်ပါ။

ပ-ရဟန်း — ငါ့ရှင်.... ဤဘက်မှ တ ဘက် ထည်းသောမျက်လုံးကိုမျှ မဆိုထား နှင့် ဦး ဟိုဘက်ကမျက်လုံးကိုပါ ထိမှန်အောင် ပစ်နိုင်ပေ၏။

ဒု-ရဟန်း — ငါ့ရှင်.....သင်သည် ဟိုဘက်မျက်လုံးကိုပါဆိုလျှင် သာ၍ပစ်ရန် စွမ်းနိုင်မည်မဟုတ်ပါ။

ပ-ရဟန်း – အို...ငါ့ရှင်.....ဤသို့ဖြစ်ပါလျှင် အကြောင်းသိရအောင် ယခုပင် သင်ကြည့်လေလော့။

တိုသို့ပြောဆိုပြီးလျှင် ကျောက်ခဲ ၂ ခုကိုကောက်ယူ၍ တခုသောကျောက်ခဲကို ဟသ်ာ၏ နောက်ဘက်ပိုင်းဘက်သို့ ပစ်လွှတ်လိုက်၏။ ထိုအခါ ဟသ်ာသည် ကျောက်ခဲသံကို ကြားသဖြင့် ပြန်၍ ကြည့်ရှုလေလျှင် အဆိုပါရဟန်းသည် လုံးသောကျောက်ခဲတခုဖြင့် တဖန် ဟသ်ာ၏ ဟိုဘက်ဖြစ်သော မျက်လုံးကိုပစ်၍ ၎င်းဘက်သို့ လှည့်သော မျက်လုံးမှ ထွက်သွားစေလေသည်။

ထိုအခါ ကျောက်ခဲဖြင့်အပစ်ခံရသော ဒါဏ်ချက်ကြောင့်ဟသ်ာသည် မြည်တမ်းကာ ချာချာလည်လျက် အဆိုပါရဟန်းတို့၏ခြေရင်း၌ ကျလေ၏။

ထိုသို့သောအချင်းအရာကို အနီးအနား၌ သီတင်းသုံးနေတော်မူကြကုန်သောရဟန်းတို့ မြင်ကြလေလျှင် ထိုကဲ့သို့ မသင့် လျော်သော အပြုအမူမျိုးကို တားမြစ်လိုသဖြင့်ပြောဆိုကြသည်မှာ. ...

ရဟန်းများ — ငါ့ရှင်တို့....မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုပါလျက် သူတပါး၏ အသက်ကို လျှင်မြန်ရက်စက်စွာသတ်ခြင်းဖြင့် အသင်တို့သည် မသင့် လျော်သော အမှုကိုပြုပေ၏တကား.. .

ထိုသို့ပြောဆိုပြီးနောက် အဆိုပါ ရဟန်း ၂ ပါးတို့ကိုခေါ်ဆောင်လျက် ဗုဒ္ဓမြတ်စွာ၏ ထံတော်သို့ သွားရောက်၍ ပြသ လျှောက်ထား ကြလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာ ကိုယ်တော်မြတ်သည် အဆိုပါ ရဟန်းတို့အားမေးမြန်းသည်မှာ.....

ဗုဒ္ဓမြတ်စွာ — ချစ်သားတို့...အသင်တို့သည်ပါဏာတိ ပါတ အပြစ်ကို ကျူးလွန်သည်ဟု ဆိုသည်မှာ ဟုတ်မှန်ပါသလော။

အဆိုပါရဟန်း—— ဘုန်းတော်ကြီးတော်မူသော အရှင်၊ ဟုတ်မှန်ပါသည်ဘုရား။

ဗုဒ္ဓမြတ်စွာ — အို...ရဟန်း...အသင်သည်သံသရာမှ လွတ်မြောက်ကြောင်း ဖြစ်သော သာသနာတော်၌ ရဟန်းပြုပါလျက် အဘယ်ကြောင့် ဤကဲ့သို့ မကောင်းသော အမှုကိုပြုလုပ်လေသနည်း။....ရှေးအခါကဘုရားရှင်များ ထင်ရှားမပွင့်သေးသော သာသနာ-ပ အခါ၌ပင်ပညာရှိတို့သည် အိမ်ရာဘွဲ့နှောင်သော လူ့ဘောင်၌ တင့်တယ်စွာနေပါလျက် နှင့် ငါးပါးသော သိက္ခာသီလတို့ကို သန့်ရှင်း စင်ကြယ်စွာကျင့်သုံးဆောက်တည်ကြသည်သာမက မပြောပ

လောက်သော အရာကလေးကိုပင် သီလ
ပျက်မှာစိုးရိမ်ကာ ယုံမှားသံသယ ရှိကြ
ပေသေး၏။ အသင်တို့သည်ကား ယခုကဲ့
သို့ ဘုရား သာသနာတော်၌ ရဟန်းပြုပါ
လျက် စိတ်၏ယုံမှား သံသယ ကိုမျှလည်း
မပြုချေတကားဟု မိန့်တော်မူလေသည်။

ထိုအခါ ရဟန်း တို့ သည် ရှေးက ဖြစ်ခဲ့သော အကြောင်းအရာတို့ကို ဟောကြားတော်မူပါရန် လျှောက်ထားတောင်းပန်ကြသောကြောင့် အတိတ်က မိမိ တို့စောင့်ထိန်းသည့်သီလကိုပျက်မှာစိုးရိမ်သံသယဖြစ်ကြသော အထက်ဖေါ်ပြခဲ့သည့်"ပုဂ္ဂိုလ်ထူးဆယ့်တဦး" တို့၏ဝတ္ထုကြောင်းကိုပြန်ပြောင်း၍ ဟောတော်မူခြင်း ဖြစ်ပါသတည်း။

ထိုနောက်ဆက်လက်၍"ချစ်သားတို့...ရဟန်းတို့ မည်သည်မှာ လက်ဖြင့် ၎င်း၊ခြေဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ စောင့်စည်းသည်ဖြစ်ရာ၏။" ဟု မိန့် တော် မူ ပြီး လျှင် ရဟန်းတို့၏အင်္ဂါရပ်များကို ဟောတော်မူသည်။ ထိုဂါထာ၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

## ရဟန်းတို့၏အင်္ဂါရပ်များ။

၁။ *လက်လှုပ်ကာ စွား သူတပါးအသွား ပွတ်ခတ်

ခြင်း စသည်တို့မရှိသော အဖြစ် အားဖြင့်လက်၏ စောင့်စည်းခြင်းရှိ၏။

၂။ ခြေလှုပ်ကစား သူတပါးအား ပုတ်ခတ်ခြင်း စသည်တို့ မရှိသော အဖြစ် အား ဖြင့် ခြေ ၏ စောင့်စည်းခြင်း ရှိ၏။

၃။ မုသာဝါဒ စသည် ပယ်ဖြတ်နှုတ်၏ စောင့်စည်းခြင်းရှိ၏။

၄။ ကိုယ် လှုပ် ခေါင်း ထောင် မျက် မှောင် ဖေါက်ပြန် ဟန်ဆောင်အတု မပြုခြင်းကြောင့် မြတ်သော စောင့်စည်းခြင်း ရှိ၏။

၅။ ဂေါရဏ္ဍုတ္တ ဟု ဆို အပ် သော ကမ္မဋ္ဌာန်း ဘာဝနာ၌ မွေ့လျော်၏။

၆။ ကောင်းစွာ တည်ကြည်၏။

၇။ အပေါ်မလျှောက် တယောက်ထည်းနေလေ့ ရှိသည်ဖြစ်ပြီး ဝိပဿနာအကျင့်မှစ၍မိမိရအပ်သော တရားဖြင့် နှစ်သက်သောစိတ်ရှိ၏။

ထိုပုဂ္ဂိုလ်ကို ဘိက္ခု ရဟန်း ဟူ၍ အာဟု မိန့်ဆိုတော် မူကြကုန်၏။

---

*ဤဖေါ်ပြပါ ရဟန်းတို့၏အင်္ဂါရပ်များ မှာ ဓမ္မပဒ ဝတ္ထု တော်ကြီးကိုရေးသားတော်မူသော အဂ္ဂမဟာ ပဏ္ဍိတ အသျှင် စန္ဒိမာဆရာတော်၏မူအတိုင်းဖြစ်၏။

## ကလေးများအတွက်
## ဖြေကြားရန် မေးခွန်းများ။

၁။ သာဝတ္ထိပြည်မှ သူငယ်ချင်း- ၂-ဦးတို့သည် လူ့ဘောင်၌ ငြီးငွေ့ပြီး မည်ကဲ့သို့ပြုလုပ်ကြပါသနည်း။

၂။ ရဟန်း ၂ ပါးတို့သည် မည်သည့်အရပ်တွင် သွားရောက်ကြပြီး၊ မည်သည့် အမှုကိစ္စကို ပြုလုပ်ကြပါ သနည်း။

၃။ အခြားသောရဟန်းတော်များသည်ထိုရဟန်းတို့အား မည်သည့်နေရာသို့ ခေါ်ဆောင်သွားပါသနည်း။

၄။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ထိုရဟန်းတို့အား မည် ကဲ့ သို့ မိန့် တော် မူ ပါသနည်း။

၅။ ရဟန်းတော်တို့က မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်အား မည် ကဲ့ သို့ လျှောက် ထား တောင်းပန်ကြပါသနည်း။

၆။ ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် မည်သို့သော အကြောင်းအရာကို ဟောတော်မူပါသနည်း။

၇။ ရဟန်းတို့၏ အင်္ဂါရပ်များတွင် မည်သည့် စောင့်စည်းခြင်းများနှင့် အကျင့်သီလများ ပါဝင်ပါသနည်း။

ဤအထက်တွင် ဖေါ်ပြခဲ့သော "ပုဂ္ဂိုလ်ထူးဆယ့်တဦး"တို့၏အကြောင်းအရာ ဝတ္ထုကြောင်းကိုဤရွေ့ဤမျှနှင့်ပင်နိဂုံးချုပ်၍ အဆုံးသတ်လိုက်ပါတော့သည်။

....>☆<....



ပြည်သို့ကန်တော့လာသည့် အာကာကြီးသားအောင်ကျော်ကို ယူချိန်သ ကံ့ပန်းသည့်နင့်တစ်မိုင်နက် ယောင်-ပွ-နှမ်း
အရှင်က စောဒကတက်ပြီးသည့် ရုတ်တရက်ချက်ချင်းပေါ်ရှိလာ၏။

## ခလေးများအဖို့ မှတ်သားဘွယ်

# စာရိတ္တ

**အတ္တာဟိ၊ အတ္တနော၊ နာထော ကောဟိ၊**
**နာထော ပရော သိယာ အတ္တာဟိ သုဒ**
**န္တေန နာထံ လဘတိ ဒုလ္လဘံ။**

အဓိပ္ပါယ်မှာ မိမိကိုယ်သည်သာလျှင် မိမိ၏ ကိုးကွယ်ရာပေတည်း။ မိမိမှ တပါး အဘယ်သူကိုမျှ အားထားရာ ကိုးကွယ်ရာသည် မဖြစ်နိုင်၊ မိမိကိုယ် သည်သာလျှင် ကောင်းစွာ ယဉ်ကျေးအောင် ဆုံးမ သဖြင့် ရခဲလှစွာသော ကိုးကွယ်ရာကိုရနိုင်ပေ၏။ဟူ၍ ဖြစ်သည်။

ဤလောက၌ရှိသော လူတို့သည် လောကီအကျိုး စီးပွား၊ လောကုတ္တရာအကျိုး စီးပွားဟု ဆိုအပ်သော အကျိုးတရားတို့ကို ရရှိနိုင်ရန် အကြောင်းသည်ကား အခြားတပါးသော သူကို အားကိုး၍ မရနိုင်ပေ မိမိ ကိုယ်တိုင်ပြုလုပ်မှသာလျှင်ရနိုင်သည်ဖြစ်သောကြောင့် မိမိကိုယ်သည်သာလျှင်မိမိ၏ကိုးကွယ်ရာအားထားရာ အစစ်ဖြစ်၏။ ထိုကြောင့် ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ် နှင့် ဝီရိယ ကိုအားထုတ်ပြုလုပ်ရာ၏၊ မိမိကိုယ်တိုင်သာလျှင် လိမ္မာ ယဉ်ကျေး အောင် ကိုယ် ကျင့် ကောင်းမွန်

အောင် ကျင့်ကြံအားထုတ်ပြုလုပ်ရာ၏၊ သို့မှသာလျှင် ကိုယ်ပိုင်အကျိုးကျေးဇူးကို ရရှိခံစားနိုင်မည်ဖြစ်သော ကြောင့် ကိုယ်တိုင်သာလျှင် အိန္ဒြေသိက္ခာ ဥစ္စာစီးပွား ဂုဏ်သရေ စသည်တို့ကို အထူး စောင့်ရှောက်ကြပါ လော့....ဟု ဆိုလိုရင်းဖြစ်ပေသည်။

## ဟိရိဩတ္တပ္ပတရား

အထူးသဖြင့် မိမိ၏ကိုယ်ကို ကောင်းစွာ ကျင့် ကြံ နိုင်ရေးအတွက် အရေးကြီးသော အချက် သည် ကား ဟိရိဩတ္တပ္ပ တရား ၂ ပါးကို စောင့်ထိန်းရန်ပင် ဖြစ် ပေသည်။ ဟိရိ မကောင်းမှုကိုပြုရမှာရှက်ခြင်း၊ ဩတ္တပ္ပ မကောင်းသော အပြုအမူ အကျင့်အကြံကို ပြုလုပ်ရ မည် ကို ကြောက် ခြင်း ဟု အ ဓိ ပ္ပါ ယ် ရှိ ပေ သ ည်။ ဤ ဟိရိ ဩတ္တပ္ပ တရား ၂ ပါး သည် လောက ကို မ ကောင်းမှု ဟူသမျှတို့မှ တားမြစ်၍ ထိန်း သိန်း စောင့် ရှောက်သောတရားဖြစ်၏။

## ဒေဝ ဓမ္မ တရား

ဤ ဟိရိဩတ္တပ္ပ တရား ၂ ပါး သည် ကား (၁) တိုင်းပြည် အုပ်ချုပ်သော မင်းဟုဆိုအပ်သော လော ကသမုတိနတ်၊ (၂) သိကြား ဗြဟ္မာ-သုရာ-ဂန္ဓဗ္ဗ-ဟု ဆို အ ပ် သော ဥပ ပတ္တိနတ် (၃) ဘုရား ပစ္စေက

ဗုဒ္ဓါ၊ အရိယာသာဝက၊ ဟု ဆိုအပ်သော ဝိသုဒ္ဓိနတ်၊ ဤနတ်မြတ် (၃) ပါးတို့သည် အမြဲ ကျင့် အပ်သော တရားဖြစ်ခြင်းကြောင့် ထို ဟိရိဩတ္တပ္ပတရား၂ ပါးကို ဒေဝဓမ္မတရားဟူ၍လည်းမည်၏။

## လောကပါလတရား

ဤလောက၌ နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ခွေး၊ စသော သတ္တဝါတို့သည် ဟိရိဩတ္တပ္ပ တည်း ဟူသော အရှက် အကြောက် တရား ၂ ပါးမရှိခြင်းကြောင့် အမိ၊ မိကြီး မိထွေး၊သား၊ သမီး၊ နှစ်မ၊ ဦးကြီး၊ အစ်ကို စသည်ဖြင့် အပိုင်းအခြား တရားမတည်နိုင်ကုန်။ လူတို့မှာမူကား ထိုတရား ၂ ပါး ရှိခြင်းကြောင့် အမိ၊ မိကြီး၊ မိထွေး ဦးရီး၊ အစ်ကို၊ နှစ်မ၊ သား၊ သမီး၊ စသည်ဖြင့် အပိုင်း အခြားတရားတည်နိုင်၏။ ထိုသို့ အပိုင်း အခြားကို ပြု၍ လောကကို စောင့်ရှောက်သောတရားဖြစ်ခြင်းကြောင့် ထိုတရား၂ပါးကို လောကပါလတရားလည်းမည်၏။

## ကိုယ်ကွပ်တရား

ဟိရိဩတ္တပ္ပတရား ၂ ပါးသည် သတ္တဝါတို့အား မသင့်မလျော်သော ကိုယ် စိတ် အလိုကို ထို တရား ၂ ပါးဖြင့် တားမြစ်နှိပ်ကွပ်၍ ဆုံးမတတ်သောကြောင့်

ထိုဟိရိဩတ္တပ္ပ အရှက်အကြောက် တရား ၂ ပါးကို ကိုယ်ကျင့်တရားဟုလည်းမည်၏။

ထို ကြောင့် ဤ ဖေါ်ပြခဲ့ပြီးသော ဝတ္ထုပါ ပုဂ္ဂိုလ်ထူးဆယ့်တဦးတို့၏ အကျင့်တရားမှာလည်းထို အရှက်အကြောက် တရား ၂ ပါးသည်ပင် အရင်းခံ ဖြစ်တော့၏။ အဘယ်ကြောင့် ဆိုလျှင် သီလ ရှိခြင်း မရှိခြင်းသည် ဟိရိဩတ္တပ္ပသည်ပင် အရင်းခံဖြစ်သော ကြောင့်ပေတည်း။ ဥပမာ (၁) သူ၏ အသက်ကို သတ်ခြင်း၊ (၂) သူ့ဘပါးပစ္စည်းကို ခိုးယူခြင်း။ တိုက် ခိုက်လုယူခြင်း၊ (၃) မဟုတ်မမှန် လိမ်လည်ပြောဆို ခြင်း၊ (၄) အရှင်ရှိသော သူတပါး သားမယား သားသ္မီးကို ပြစ်မှား လွန်ကျူးခြင်း၊ (၅) သေရည် သေရက်တို့ကို သောက်စားခြင်း၊ စသည် အပြစ်တို့ကို ရှက်ခြင်း၊ ကြောက်ခြင်းမရှိမှသာလျှင် ကျူးလွန်နိုင်၏။ ရှက်ခြင်း ကြောက်ခြင်း ဟု ဆိုအပ်သော ဟိရိဩတ္တပ္ပ တရား ၂ ပါးရှိပါလျှင် ကျူး လွန် ဝံ့မည် မ ဟုတ် ပေ။ ရှက်၍သာ မကောင်းသော အပြုအမူ အကျင့်အကြံကို မပြုလုပ်ခြင်း၊ ကြောက်သောကြောင့်သာ မကောင်းမှု တို့ကို မပြုလုပ်ရဲဘဲ ရှောင်ကြဉ်ခြင်းဖြစ်၏။

ထိုအရှက်အကြောက် တရား ၂ ပါးနှင့် ပြည့်စုံ၍ မိမိကိုယ်ကို အထူးသဖြင့် စောင့်ရှောက်ကြသောသူတို့

သည်သာလျှင် စည်းစိမ် ဥစ္စာ ဂုဏ် ကျက် သရေ တို့နှင့် ပြည့်စုံ၍ လူရည်ချွန်များ လူ တော် လူ ကောင်း များ ဖြစ်နိုင်ပေလိမ့်မည်။ အကယ်၍ စည်းစိမ်ဥစ္စာ ဂုဏ်သရေနှင့်ပြည့်စုံသူပင်ဖြစ်လင့်ကစား အရှက် အကြောက် တရား ၂ ပါး ကိုယ်ကျင့်တရားကိုမစောင့်ရှောက်လျှင် ထိုရရှိပြီးသော စည်းစိမ် ဥစ္စာ ဂုဏ်သရေသည်လည်း တာရှည်ခိုင်မြဲ တည်တန့်နိုင်မည်မဟုတ်ပေ။ ကိုယ်ကျင့် သိက္ခာ ဇာခြေ အရှက် အကြောက် မရှိသော သူ တို့ သည်အမှန်စင်စစ် ပျက်စီးခြင်းသို့ရောက်ရတတ်ပေ၏။ ထိုကြောင့် ကိုယ်ကျင့်တရား မ ပျက် ပြား လေ အောင် မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက် ထိန်းသိမ်းခြင်း ဟုဆိုအပ်သော အတ္တသမာပဏိဓိ ဂုဏ် နှ င့် ပြည့် စုံ အောင် နေထိုင် ကျင့်ကြံသော သူတို့သည် တင့် တယ် သော ကြက်သရေဂုဏ်သိက္ခာကို မိမိကိုယ်တိုင်ပြုလုပ်ခဲ့ ရယူသည်မည်ပေ၏။

အကြင်သူသည် ၎ါးပါးသီလလည်းမရှိ အရှက် အကြောက်လည်းမရှိဘဲ အကျင့်တရားပျက်ပြား၍ ထင်မိ ထင်ရာ မကောင်းမှုတို့ကို ပြု ကျင့် ၏၊ ထိုသူသည် ဂုဏ် ကြက် သ ရေ မရှိဘဲ အကျိုးယုတ် အရှက်ကွဲ၍ အမြဲပင် ဆင်းရဲသောအဖြစ်သို့ ရောက်အောင် မိမိကိုယ်ကို မိမိ ကိုယ်တိုင် ပို့ ဆောင် သည် မည်ပေ၏။ သို့ဖြစ်သော

ကြောင့် လူဘဦးတယောက်၏ဂုဏ်ကြက်သရေမင်္ဂလာရှိခြင်းတို့ကိုဂင်း၊ အကျိုးယုတ်အရှက်ကွဲ၍ အမြဲဆင်းရဲကာ ဂုဏ်သိမ်ညှိုးငယ်အောင်သော်ဂင်း၊အခြားသောသူတို့က ပြုလုပ်၍ပေးနိုင်သည်မဟုတ်ဘဲမိမိကိုယ်တိုင်ပြုလုပ်မှသာလျှင် ဖြစ်နိုင်၏။ အထူးသဖြင့် မိမိကိုယ်တိုင် အဘ္ဘသမာပဏ္ဏိမိ စက်နှင့်ပြည့်စုံအောင် ကျင့်ကြံအားထုတ်မှသာလျှင် ကိုယ်ကျင့်တရား အ လိမ်မာ တရား ၂ပါးနှင့်ပြည့်စုံ၍ လောကအလယ်တွင်ထင်ပေါ်ကျော်စောလျက် ဂုဏ်ကြက်သရေတို့နှင့် လည်း ပြည့်စုံနိုင်ပေလိမ့်မည်ကို သတိပြုရာသည်။

(တောင်းမှာအကွပ်ကောင်းမှခိုင်ခန့်သည်)
(လူမှာအကျင့်ကောင်းမှတည်တန့်သည်)

ဤလောက၌ အသိအလိမ်မာ ဉာဏ်ပညာရှိသောသူတို့သည် မိမိအား စိတ်ပင်ပန်း ကိုယ်ပင်ပန်းဖြစ်ပြီး ဥစ္စာနှမ်းပါးသော်သည်းဒါနသီလအစရှိသောကုသိုလ်ကောင်းမှု ကံကို မမေ့မလျော့ကုန် အားထုတ် မြဲသာလျှင် အားထုတ်လေ့ရှိကြ၏။ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဥစ္စာစည်းစိမ်နှင့်ပြည့်စုံ၍ ကာမဂုဏ် ယစ်မူးခြင်းကြောင့် တွေဝေမေ့လျော့သော်လည်းမကောင်းသောအကျင့်အကြံ အပြုအမူ အကုသိုလ်ဖြစ်မည့်အရာတို့ကိုအထူးရှောင်ကြဉ်ကြပေ၏။ အရှက်အကြောက်ကိုထား

ကြ၏။ ယခုဖော်ပြခဲ့ပြီးသော ဝတ္ထုတွင်ပါရှိသည့် "ပုဂ္ဂိုလ်ထူးဆယ့်တဦး" တို့အကြောင်းကိုကြည့်ခြင်းအားဖြင့် သိနိုင်ပေ၏။ အဘက်ဘက်ကပြည့်စုံသော စည်းစိမ်တို့နှင့်ပြည့်စုံပါလျက် မကောင်းမှုကို အထူးရှောင်ကြဉ်ကြ၏။

အကြင်သူသည်သူတထူးကဲ့ရဲ့ပြစ်တင်ခြင်းပြုမည်ကိုလည်း မစိုးရိမ်၊ချီးမွမ်းခြင်းကိုလည်း အလိုမရှိ၊ထိုသို့ချီးမွမ်းခြင်းကဲ့ရဲ့ပြစ်တင်ခြင်းကိုပမာမထားမရှက်ကြောက်သော သူတို့မှာ ဘုန်းကြက်သရေမင်္ဂလာ အလိမ်မာပညာတို့သည်မရှိနိုင်တော့ချေ။သည်းထန်စွာရွာသောမိုးရေသည် တောင်ကုန်းပေါ်၌မတည်သကဲ့သို့ အရှက်အကြောက် တရားမရှိသောသူအပေါ်၌လည်း ဘုန်းကြက်သရေမင်္ဂလာတို့သည်သည်း ရှောင်ကြဉ်ဖယ်ရှားၡ်သွားကြကုန်၏။ (ဤနေရာ၌မှန်ကန်၍ အကျိုးရှိမည့်အရာကို လုပ်ကိုင်ရာတွင် မသိနားမလည်သော သူတို့ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းမျိုးကိုဆိုလိုခြင်းမဟုတ်ချေ)

မည်သူမဆိုမနုဿတ္တလူ့ဘဝ၌လူ့ရယ်လို့ဖြစ်လာကြသည့်အခါမကောင်းမှုဒုစရိုက် မကောင်းသောအကျင့်အကြံတို့ကို စွန့်ပယ်၍ ကောင်းမြတ်သော သုစရိုက်ကောင်းမြတ်သောအကျင့်အကြံတို့ကို ကျင့်ကြံပါမှ ယခုပစ္စုပ္ပန်နှင့်နောင်သံသရာဘဝအဆက်ဆက်တို့တွင်

ကောင်းကျိုးချမ်းသာမင်္ဂလာနှင့် ပြည့်စုံနိုင်ပေလိမ့်မည်။ မကောင်းသောအပြုအမူ အကျင့်အကြံကို ကျင့်ကြံ ပြုမူနေပါလျှင် ယခုပစ္စုပ္ပန်ဘဝနှင့် နောင်သံသရာ နှစ်တန်သောဘဝတို့၌ မကောင်းကျိုး ဒုက္ခဆင်းရဲကို ခံရမည်မှာမလွဲပေ။ ထိုသို့မကောင်းသော အကျင့်အကြံတို့ကိုပြုခြင်းဖြင့် မိမိရရှိသော လူ့ဘဝ၏ အခွင့်အရေးတို့ကိုမိမိပင်အလဟဿဖြုန်းတီး ဖျက်ဆီးသည်မည်၏။

ထို့ကြောင့် သူတပါး ကဲ့ရဲ့ပြစ်တင်ခြင်းမှ ကင်း၍ ပစ္စုပ္ပန်သံသရာ နှစ်ဖြာလုံးအတွက် ကောင်းကျိုး ချမ်းသာနှင့် ဂုဏ်ကြက်သရေ အထွေထွေ တိုးတက်လေအောင် ကောင်းသောအမူ တို့ကိုသာ ကျင့်ကြံအားထုတ်ရာ၏။ မိမိကိုယ်ကို မိမိကောင်းသောလမ်း သို့ပို့ဆောင်ရာ၏။

## စကား

**ချိုသာပျော့ပျောင်း စကားကောင်းသော် အ
ပေါင်းလူဗိုလ် သူနာလို၏။ နှုပ်ချိုစကားတတ်လေ
ဖြား၍ စကားနုးညံ့ ပန်းယနုံ့သို့ ပျံ့ပျံ့မွှေး ကြ။
ပြောတတ်သူကား ကြည်ဖြူ သောသော ခင်ပွန်း
ပေါ၏။ အပြောရုန့်ကြမ်း မကောင်းကန်းဘဲ နှုပ်
ခန်းရူရူ ဆိုတတ်သူကား မဖြူစိတ်သွား ခင်ပွန်း
ရှား၏၊ မှတ်သားစရာ ဤအရာဝယ် ရှိန်ဝါချမ်းမြ
နေနှင့်လကို ယှူဆဥပဒေသိကောင်းလေ၏၊ နေကို
ပယ်လွှင့် လရောင်ကျင့်မှ အသင့်ရွှေစံ ကြယ်ပေါင်း
ရံသည်စီမံသိကောင်း ခွဲဝေတည်း။**

အထက်ပါလင်္ကာကဲ့သို့ ပကတိပင်ကိုယ်က အပြစ်ကင်းသောစကားဖြစ်စေကာမူယဉ်ကျေးစွာချိုသာညက်ညောစွာ ပြောဆိုတတ်မှသာ စကားအရာ အင်္ဂါလေးတန်ဖြင့် တန်ဆာဆင်ဘိသကဲ့သို့လူအများတို့နှစ်သက်ဘွယ်ဖြစ်ပေလိမ့်မည်။သို့ဖြစ်သောကြောင့်စကားအရာ အင်္ဂါလေးတန်နှင့် ပြည့်စုံအောင် ယဉ်ကျေး သာ ယာစွာပြောဆိုရာ၏။

ဥပမာအားဖြင့် မိမိပြောဆိုသော စကားသည် သူတပါးအား ထိခိုက်စေ၍ပူပန်ဆင်းရဲခြင်းကိုမဖြစ်စေဘဲ

နားချမ်းသာသော စကားမျိုးကိုသာ ပြောဆိုလေ့ရှိရာ၏။ ထိုသို့နားချမ်းသာ၍ အပြစ်ကင်းသော စကားသည်သာလျှင် ကောင်းမြတ်သောစကားဟု ပညာရှိတို့ ဆိုကြကုန်၏။ ကောင်းမွန် ယဉ်ကျေးသော စကားသည်ကြည်ညိုဘွယ် နှစ်သက်ဘွယ်သော ဂုဏ်ကြက်သရေကို ဆောင်ဘတ်၏။ ထို့ကြောင့်ပင် "နှုတ်ချိုရှိုတပါး" ဟု ရှေးသူဟောင်းတို့ဆိုရိုးရှိ၏။

## (အပြောတတ်တော့ အပတ်ပြေသည်)

အပြောတတ်တော့အပတ်ပြေသည်၊ အပြောမတတ်တော့အပတ်မပြေဘဲ ကိုယ့်စကားက ကိုယ့်ကိုပင် ပတ်တတ်ပေသေးသည်။ စကားကောင်းပင် ဖြစ်ပါလျက် အပြောမတတ်က ရှုတ်ထွေး၍သွားတတ်သည်သာမက သူတထူးစိတ်မှာ နှစ်သက်ခြင်းမဖြစ်ဘဲ ဒေါသထွက်စရာပင်ဖြစ်တတ်ချေသေး၏။ ထို့ကြောင့် "အပြောမတတ်တော့ဆဲသလို" ဟု ဆိုရိုးရှိခြင်းဖြစ်ပေသည်၊ ပမာအားဖြင့် မကောင်းသော စကားပင်ဖြစ်စေ ချိုသာညက်ညောစွာဖြင့်အပြောကောင်းလျှင်စိတ်မဆိုးဘဲနှစ်သက်ဘွယ်ပင်ဖြစ်ပေသေး၏။ ကောင်းသောစကားပင် ဖြစ်သော်လည်းလိပ်ပတ်လည်ပြီး သူတပါးနားဝင်အောင် မပြောပါက ဆဲဆိုသကဲ့သို့ပင် ဖြစ်တတ်ချေသေးသည်ကို သတိပြုရာ၏။

ချစ်ခင်ဘွယ်ရာ သာယာ ညက်ညောသော စကား သည် လူများကိုမဆိုထားဘိဦး တိရစ္ဆာန်များပင် နှစ်သက်ကြလေသည်။ယုတ်မာကြမ်းတမ်းသောစကားကို မည်သူမျှ မနှစ်သက် မကြားချင် ကြကုန်။ ထို့ကြောင့် ယုတ်မာ ကြမ်းတမ်းသော စကားကို ရှောင်ကြဉ်၍ သုဘာသိတာ ကောင်းစွာဆိုအပ်သော သာယာညက် ညောချစ်ဘွယ်သောစကားကိုသာပြောဆိုရာ၏။ထိုသို့ ယဉ်ကျေးသာယာချစ်ဘွယ်ရာသောစကားသည် လူအ များတို့၏ချစ်ခင်မြတ်နိုးခြင်းကိုခံရသဖြင့် မိမိအလိုဆန္ဒ ပင်ပြည့်စုံနိုင်၏။ ရုန့်ရင်းခက်ထန် နှုပ်အာ ကြမ်းတမ်း အပြောအဆို ရမ်းကားသောသူသည် ကိုယ့်စကားက ကိုယ့်ကို သတ်တတ်လေသည်။

## စကားအရာ အင်္ဂါလေးတန်၊

"ဘဝန္တရ သုံးလူ့ထွတ်ချာ၊ စောမြတ်စွာ
လည်း၊သုဘာသိတ၊မွေ့စသား၊ပိယသစ္စာ၊ကျိုး
နတ်ရာဟု၊အင်္ဂါလေးတန်ဟောမိန့်ညွှန်၏။"

"မဟာသုတကာရီ"

## စကားအရာအင်္ဂါလေးတန် ဆိုသည်ကား

၁ - ကောင်းမွန်မြင့်မြတ်သောစကား။
၂ - အကြောင်းအကျိုးနှင့်စပ်ပြီးတရားသောစကား

၃ - ချစ်ဘွယ်ရာသောစကား

၄ - မှန်ကန်သောစကား

ဤဖေါ်ပြပါ အင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားမျိုးမှသာလျှင် လူအများတို့နှစ်လိုနာလိုကြပေ၏။ အသိပညာ အလိမ်မာနှင့် ပြည့်စုံ၍ ခန္တီဂုဏ်နှင့် ပြည့်စုံသော သူတော်ကောင်းတို့၏ ပြောဆိုသော စကားသံသည်နူးညံ့သါယာချိုသာသြက်သြေချစ်ခင်ဘွယ်သော စကားအကျိုးအကြောင်းနှင့်စပ်သောစကား၊ကောင်းမြတ်သောစကား။မှန်ကန်သောစကား၊တို့ကိုသာပြောဆိုလေ့ရှိသဖြင့် လူကြည်ညို နတ်ကြည်ညိုပြီး ဆန္ဒပြည့်ဝ၍ သုဘာသိတာ ဖြစ်သောကြောင့် ချစ်ခင်ကြည်ညိုစေတတ်သောဆေးနှင့်တူလှပေသည်။ထိုကြောင့်အင်္ဂါလေးတန်နှင့်ညီညွတ်သောစကားမျိုးကိုပြောဆိုရာ၏။

## (ပြောသည်အတိုင်းလုပ်၊ လုပ်သည်အတိုင်းပြော)

အကြင်သူသည် အကြင်စကားကို နှုပ်ဖြင့် ပြောဆို၏။ထိုမိမိပြောဆိုသည်အတိုင်း ကိုယ်ကလည်းလိုက်၍ကျင့်ကြံရာ၏ အကြင်စကားကို နှုပ်ဖြင့်မပြောမဆိုလျှင် ထိုမပြောမဆိုသည်အတိုင်း ကိုယ်ကလည်း မပြုလုပ်ရာ အကြင်သူသည် ပစပ်ကအပြောကြီး၍ ကိုယ်ကလိုက်၍

မပြုကျင့်သောသူကို အပြောနှင့်အဟော မညီညွတ်၍ ပစပ်က ဘုရား လက်က ကားရား ကားရား ပြော ဆိုပုံကတခြား ကျင့်ပုံလုပ်ပုံကတမျိုးဖြစ်နေ၏ဟုပညာ ရှိတို့ကတွေးဆ၍သိကြ၏။ ထိုကြောင့် အပြောနှင့် အ ဟောညီညွတ်အောင်ပြုကျင့်ရာ၏။မိမိမပြုလုပ်နိုင်သော အရာကိုတတ်နိုင်သည်၊ ပြုလုပ်နိုင်သည်ဟု မပြော မဆို ရာ၊ ။

သူ တ ပါး ၏ မ ကော င်း သော အ မှု ကိစ္စ ကို ၎င်း၊ အကျိုးယုတ်အကျိုးမဲ့ကို၎င်း၊ သူတပါးအား ကဲ့ ရဲ့ ချုပ်ချယ်သော စကားကို၎င်း၊ ရှေ့တွင်သော်၎င်း၊ ကွယ်ရာ၌သော်၎င်း၊မပြောမဆိုရာ၊ တဘက်သားနား မခံသာသောစကားကိုလည်းမပြောမဆိုရာ၊အကယ်၍ ဆုံးမဩဝါဒပေးလိုသည် တိုင်အောင် ဖြည်းညှင်းသာ ယာစွာ အကျိုးအကြောင်းနှင့် ကောင်းမွန် ယဉ်ကျေး စွာဖြင့် ဖြေးဖြေးဆေးဆေး ပြောဆိုဆုံးမရာ၏။ဆော ဆောလျင်လျင်မဆင်ချင်ဘဲမပြောမဆိုရာ၊ဆင်ချင်စဉ်း စားဉာဏ်ရှေ့သွားဖြင့်သာပြောဆိုရာ၏၊ ။

အကြင်သူသည်မိမိနှင့်သင့်လျော်သောအမှုကိစ္စ အ လုပ် အကိုင်ကိုသာ ပြုလုပ်ရာ၏။ မိမိ နှင့် သင့် လျော် လျောက်ပတ်သော စကား ကို သာ ဉာဏ် နှင့် ယှဉ် ၍ ပြောဆိုရာ၏။ မိမိနှင့်မတန်သော စကားကိုပြောဆိုပါ

က လူအများတို့ ရယ်ဘွယ်ရာ ဖြစ်တတ်၏။ ရှေးသူဟောင်းတို့သည် မိမိနှင့်မတန်သောမသင့်လျော်သောစကားကို ပြောဆိုသူအား "လူပုံပ တ္တယားနှင့် နတ် စကားပြောဆိုသည်" ဟူသောစကားပုံကိုပင် ဆိုရိုးရှိခဲ့၏။ ထို့ကြောင့် ကြီးမြင့်သော ပုဂ္ဂိုလ် တို့သည်လည်း သေးသိမ်ညံ့ဖြင်းသော စကားမိမိဂုဏ် အရှည်အချင်းနှင့်မသင့်လျော်သောစကားကို ပြောဆိုပါမူ လူအများတို့အထင်သေး ခံရတတ်သည့်ပြင်၊ ဤပုဂ္ဂိုလ်သည်ကြီးသလောက်အချိန်မစီးဟု အကြည်ညိုပျက်တတ်၏။ မိမိနှင့်မသင့်လျော်ကြီးကျယ်သည့်စကားကိုပြောဆိုသောသူအားလည်း လူအများတို့ မုန်းတီးပျက်ရယ်ပြုခြင်းကို ခံရတတ်လေသည်။ ထိုကြောင့်မိမိနှင့်သင့်လျော်သောစကား၊ အကျိုးအကြောင်းနှင့် စပ်သောစကားကိုသာပြောဆိုရာ၏။

# ပညာမျက်စိ

## (ပညာတန်ဆောင်၊ ဥာဏ်အရောင်ကား၊)
## (မိုက်မှောင်ဖျောက်ပယ်၊ ချမ်းသာကြွယ်၏)

အကြင်သူသည် မိမိကိုယ်တိုင်က ပ က တိ မျက် စိ ကောင်းစွာ ကြည်ကြည်လင်လင် မြင်ပါမှသာလျှင် တ ပါးသောသူတို့၏ မျက်စိကောင်းသည်ကိုရင်း၊ မျက်မ မြင်ဖြစ်သည်ကိုရင်း၊အဆင်းသဏ္ဍာန်ကြန်အင်လက္ခဏာ နှင့်ပြည့်စုံသည်ကိုရင်း၊ မပြည့်စုံသည်ကိုရင်း၊ ကောင်း စွာမြင်စွမ်းနိုင်ပေလိမ့်မည်၊ မိမိ ကိုယ် တိုင် က မျက်စိ ကောင်းစွာမမြင်ဘဲ သို့မဟုတ်မျက်မမြင်ဖြစ်နေပါလျှင် တပါးသော သူတို့၏ မျက်စိကောင်းသည်၊ မျက်မမြင် ဖြစ်သည်၊ အဆင်းသဏ္ဍာန်မည်သို့မည်ပုံရှိသည် စသည် တို့ကိုမြင်စွမ်းနိုင်မည်မဟုတ်ပေ၊ ။

ထိုအတူပင် ပညာမျက်စိကိုလည်း နှိုင်းယှဉ်၍ကြည့် ရာ၏။ ဥပမာ မိမိကိုယ်တိုင်ကပညာမျက်စိနှင့်ပြည့်စုံ၍ အသိဉာဏ်ရှိပါမှ တပါးသောသူတို့အား ပညာရှိ ဖြစ် သည်ကိုရင်း၊ ပညာမရှိသည်ကိုရင်း၊ အကျင့်သီလ ရှိ သည် အကျင့်သီလမရှိသည်ကိုရင်း၊ သိနိုင်မြင်နိုင် ပေ လိမ့်မည်၊ မိမိကိုယ်တိုင်က အသိဉာဏ် မရှိဘဲ ပညာ မျက်စိ ချို့တဲ့၍ နေပါလျှင် အခြားတပါးသော သူတို့

အား ပညာမျက်စိရှိသည်ကို၎င်း၊ အသိအလိမ္မာ ဉာဏ်ပညာမရှိဘဲ ညံ့ဖျင်းသည်ကို၎င်း၊ သိနိုင်လိမ့်မည် မဟုတ်ချေ။ မိမိကိုယ်တိုင်က ပညာမျက်စိနှင့် ပြည့်စုံ၍ အသိဉာဏ် ရှိမှသာလျှင် ပညာရှိဘဲ၊ လူမိုက်ဘဲ၊ လူကောင်းဘဲ၊ လူညစ်ဘဲဟူ၍ ခွဲခြားပြီး သိနိုင်ပေလိမ့်မည်။

မည်သည့်အရာဝတ္ထု၊ ဂုဏ်အရည်အချင်းစသည်တို့ကိုမဆို အဆိုးအကောင်းကို ဝေဘန်ပိုင်းခြား၍ သိနိုင်မြင်နိုင်ရန်မှာ ဉာဏ်မျက်စိနှင့် ပကတိမျက်စိကောင်းသော ပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်ပေသည်။ ပညာစက္ခု၊ ပသာဒ စက္ခု တို့နှင့် မပြည့်စုံသော သူတို့သည်ကားဝေဘန် ခွဲခြား၍ သိနိုင်မည်မဟုတ်ပေ။ ထိုနှစ်မျိုးတို့တွင်လည်း ပသာဒစက္ခု ဖြစ်သော ပကတိမျက်စိသည်ကား မဖုံးကွယ်ဘဲ ပေါ်လွင်ထင်ရှား နေသော ဗဟိဒ္ဓ အပြင်ဘန်းအရာဝတ္ထု အဆင်းသဏ္ဌာန် တို့ကိုသာ မြင်စွမ်းနိုင်၏။ ပညာမျက်စိမှာကား အတိတ် အနာဂါတ်၊ ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ပင် အကျိုးအကြောင်းအဆိုးအကောင်းအလုံးစုံကိုဟုတ်တိုင်းမှန်ရာ ထိုးထွင်း၍ သိမြင်နိုင်၏။ သို့ဖြစ်သောကြောင့် လူ့ဘဝကိုရကြကုန်သော သူတို့သည် လူဖြစ်ကျိုး နပ်လေအောင် တန်ဘိုးမဖြတ်နိုင်သော ပညာမျက်စိကို ရရှိအောင် ကျိုးစားအားထုတ် ဆည်းပူးရာ၏။

ပညာမျက်စိ မရှိသောသူတို့သည်အကောင်းအဆိုး အဘိုးတန် မတန်စသည်တို့ကိုမသိကြကုန်၊ ဥပမာအား ဖြင့်ဖန်ကျောက်နှင့်ပတ္တမြားကျောက်ကိုခွဲခြား၍မသိဘဲ အတူတူမှတ်ထင်သောလူရိုင်းတို့ကဲ့သို့လူမိုက်နှင့်ပညာ ရှိသူတော်ကောင်းနှင့်သူယုတ်မာ အစရှိသော ပုဂ္ဂိုလ် တို့ကို အတူတူ မှတ်ထင်ကာ အယုတ် အလတ် အမြတ် အထူးကိုမသိကြကုန်၊ ထိုသို့ ခွဲခြား၍ မသိ နိုင် သော ကြောင့်ပင် ဖြစ်လတံ့သော ဘေးရန်နှင့် အကျိုး အ ပြစ်တို့ကိုလည်း မျှော်မြင်စဉ်းစားနိုင်ခြင်းမရှိဘဲ ရန်သူ ၏ လက်သို့ လွယ်လင့်တကူ ရောက်ရတတ်ပေ၏၊ သို့ ဖြစ် သော ကြောင့် ပညာ မျက်စိ အလင်းရောင် တည်းဟူသော အသိဉာဏ်နှင့် ပြည့်စုံခြင်း သည် အ ဘယ်မျှ တန်ဘိုးရှိသည် အဘိုးမဖြတ်နိုင်သော အရာ ဖြစ်သည်ကို သိနိုင်ရာ၏။

အမှန်စင်စစ်အားဖြင့် ထိုသို့ သိမ်မွေ့ နက် နဲ သော အသိအလိမ္မာ ဉာဏ် တည်း ဟူ သော မျက် စိ သည် ယခုပစ္စုပ္ပန်လောကဥ္စရင်း၊ နောင်တမလွန်ဘဝဥ္စရင်း၊ မြင့်မြတ်သောချမ်းသာသုခကိုရကြောင်း ဧကန်ဖြစ်၏။ ထိုကြောင့် အသိအလိမ္မာဉာဏ် တနေ့တခြားတိုးပွါး လေအောင် ပညာရှိသူတော်ကောင်းတို့ကို မှီခို ဆည်း ကပ်ခြင်း ပညာရှိတို့၏ ဆုံးမခသာအတိုင်း လိုက်နာ

ကျင့်သုံးခြင်း၊ ဆရာကောင်းသမားကောင်းတို့၏ အဆုံးအမကို နာခံ ကာ ပညာသင်ကြား ရှာမှီး ခြင်းတို့သည် အသိအသိ်မာ ပညာတိုးပွားလျက် ကြီးပွားချမ်းသာကြောင်း လမ်းကောင်းလမ်းမှန်ပင် ဖြစ်ပေသည်။

(အမြတ်ဆုံးသောအား။)

ထိုပြင် ဗလငါးတန်တည်းဟူသော အားငါးပါးတို့အနက် ပညာအားကို မြင့်မြတ်သော အား ဟူ၍ရင်း၊ အလွန်ထူးသောအားဟူ၍ရင်း၊ ပညာရှိတို့ဆိုကြကုန်၏။ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုး စီးပွားတို့ကို ပညာအားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်သာလျှင် အထမြောက်အောင်ဆောင်ရွက်နိုင်၏၊ ယခုပစ္စုပ္ပန်ဘဝအကျိုးစီးပွား ချမ်းသာ သုခတို့ကိုလည်း ပညာရှိသောပုဂ္ဂိုလ်တို့သည်သာလျှင် အထူးသဖြင့်ရရှိကြ၏။ ယခုအခါတွင် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ၊ လောကဓါတ်ဆရာကြီးများ၊ ခေါင်းဆောင်ကြီးများ၊ လုပ်ငန်းကြီးများကို တည်ထွင်လုပ်ကိုင်သူများသည်လည်း ပညာဉာဏ်အထောက်အပံ့ကြောင့်သာ ထွန်းပေါက်ကြခြင်းမဟုတ်ပါလော....သို့ဖြစ်သည်အပိုင်း ပညာသည်သာလျှင် အရာရာတိုင်းတို့၌ အဓိကအရင်းခံ ဖြစ်သောကြောင့် ပညာအားသည်သာ အ

မြတ်ဆုံးသောအားဟု ဘုရားအစရှိသော ပညာရှိတို့ ဆိုကုန်၏။

ဗလငါးတန်။

ဤလောကတွင် ကြီးပွားတိုးတက်ကြောင်း လမ်းကောင်းမှာလည်း ဗလငါးတန် (ဝါ) အားငါးပါးနှင့် ပြည့်စုံရန်ပင်ဖြစ်၏။ ယခုအခါ ကမ္ဘာပေါ်ရှိ တိုးတက်ကြီးပွားနေကြသော လူမျိုး များသည် ဗလ ငါး တန် တည်း ဟူ သော အား ငါး ပါး တို့နှင့် ပြည့်စုံကြခြင်းကြောင့်သာ ဖြစ်ပေသည်။ ထိုကြောင့် ဗလငါးတန်တို့နှင့် ပြည့်စုံအောင် ကျင့်ကြံကျိုးကုတ် အားထုတ်မှသာလျှင် ကမ္ဘာပေါ်ရှိကြီးပွားတိုးတက်နေကြသောတိုင်းပြည်များနှင့် ရင်ဘောင်တန်း လိုက်နိုင်မည်ကို သတိပြုရာသည်။

ထိုသို့ ဗလငါးတန် အားငါးပါးတို့နှင့် ပြည့်စုံရေးမှာလည်း ထိုငါးပါးအနက် တပါးပါး ချို့တဲ့ပျက်စီးနေမည်ဆိုပါလျှင်လည်း ထင်သလောက် ခရီးရောက်နိုင်မည် မဟုတ်သေးဘဲ ပျက်စီး ချို့တဲ့ နေသည့်ဘက်မှအားရှုတ်၍ သွားမည်ဖြစ်သည်ကို သတိပြုရပေဦးမည်။ ဥပမာအားဖြင့် ခန္ဓာကိုယ်ကြီးတွင် ခြေ လက်စသည့် အစိတ် အပိုင်းတို့ ချို့တဲ့ နေဘိ သ ကဲ့ သို့ပင်တည်း။ ခြေတဘက်ကျိုးခြင်းထက် ၂ဘက်ကျိုးခြင်းက

ပိုဆိုး၍ ၂ ဘက်ထက် လွှက်ပါ ၃ ဘက်ကျိုးခြင်းက ထိုထက်ပိုဆိုးပြီး လက်ရော ခြေရော အားလုံး ချို့တဲ့နေမည်ဆိုပါက ဆောက်တည်ရာ ရနိုင်တော့မည် မဟုတ်သကဲ့သို့ပင်တည်း။ သို့ဖြစ်သောကြောင့် ဗလငါးတန်လုံးနှင့် ပြည့်စုံအောင် ကျိုးစား အားထုတ်ရာ၏။ ထိုဗလငါးတန်(ဝါ)အားငါးပါးတို့မှာကား.....

၁- **ကာယဗလ** ။ ကိုယ်အား အစွမ်းနှင့် ပြည့်စုံခြင်း (ကျမ်းမာခြင်း ခွန်အားနှင့် ပြည့် စုံခြင်းလည်းဟူ၏။)

၂- **ဘောဂဗလ**- စည်းစိမ် ချမ်းသာ ဥစ္စာအားနှင့် ပြည့်စုံခြင်း။

၃- **မိတ္တဗလ** - အဆွေခင်ပွန်းကောင်းတို့အားနှင့် ပြည့်စုံခြင်း (ကျမ်းဂန်အရ အမစ္စဗလ မင်းတိုင်ပင်စသော အမတ်အားနှင့် ပြည့်စုံခြင်းလည်းဟူ၏။)

၄- **စာရိတ္တဗလ**- ကိုယ်ကျင့်တရားကောင်းမွန်ခြင်း အား(ကျမ်းဂန်အရဇာတိဗလအမျိုးအနွယ်အားနှင့်ပြည့်စုံခြင်းလည်းဟူ၏)

၅ - **ပညာဗလ** - ပညာဉာဏ်အားနှင့် ပြည့်စုံခြင်း။

၍အထက်ဖေါ်ပြပါ ဗလငါးတန် တည်းဟူသော

အားငါးပါးတို့အနက် ပညာအားသည် အမြတ်ဆုံးအရေးအကြီးဆုံးသောအားဖြစ်၏။ ပမာအားဖြင့် လူ၏ခန္ဓာကိုယ်တွင် အရေးပါသော စက္ခုနှစ်ကွင်းကဲ့သို့ပင်တည်း၊ ထို ကြောင့် လော ကီ စီး ပွား လောကုတ္တရာစီးပွား တို့ကို ပညာ ရှိ သော သူ မှ သာ ဆောင် ရွက်ရှာမှီးနိုင်ကြောင်းကိုထင်ရှားနိုင်တော့၏။အထူးသဖြင့် ဗုဒ္ဓမြတ်စွာသည် တပည့်ရဟန်း သံဃာတော်တို့အား ရသင့်ရထိုက်သော ပညာ ဉာဏ်ကို ရအောင်လုံ့ လကျိုးကုတ်အားထုတ်ရန် အထူးတိုက်တွန်း ဟောကြားတော်မူ၏။

စင်စစ်အားဖြင့် ပညာ ရတနာ သည်သာလျှင် ကောင်းသည် ဆိုးသည်ကို ဟုတ်မှန်သည်အတိုင်း သိနိုင်၏။ဤလမ်းသည်ကား ဆင်းရဲကြောင်း ဒုက္ခတိုးပွားကြောင်း လမ်းပေတည်း။ ဤလမ်းသည်ကားချမ်းသာသုခ တိုးပွားကြောင်း လမ်းပေတည်း။ ဤအကျင့်သည်ကား အပယ်လေးပါးသို့ရောက်ကြောင်း မကောင်းသော အကျင့်အကြံပေတည်း။ဤအကျင့်ကား လူ၊နတ်နိဗ္ဗာန် သုံး တန် သော ချမ်း သာ ကို မြန် စွာ ရောက်ကြောင်း ကောင်းမြတ်သောလမ်း၊ ကောင်းမြတ်သောအကျင့်ပေတည်းဟု ဟုတ်မှန်သည်အတိုင်းကို ပညာဉာဏ် ရှိမှသာလျှင် သိနိုင်ပေသည်။

အကြင်သူသည် ပညာဉာဏ် မရှိသောသူ ဖြစ်ပါမူ မေ့လျော့ခြင်းကိုဖြစ်စေ၍ အကျိုးမဲ့ အချိန်ကို ဖြုန်းတီး၏၊ လူ့ဘဝအဘိုးတန်ခြင်း၊ အချိန်ကာလ၏အဘိုးတန်ခြင်း၊ အရွယ်၏ အဘိုးဘန်ခြင်းကိုလည်း မသိကြပေ။ ပေါပေါဘန်တန်နေလေ့ရှိ၏၊ ပညာရှိသော သူသာသျှင် ရရှိပြီးသောလူ့ဘဝကို ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာရရှိလေအောင် အချိန်ကာလနှင့်အရွယ်ကို အထူး သတိပြုဂရုစိုက်ကြ၏။ အကျိုးစီးပွား များရာ များကြောင်းကို မမေ့မလျော့သော သတိတရားဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြကုန်၏။ ထိုသို့ဖြစ်သောကြောင့်ပညာရှိတို့နည်းကိုမှီး၍ အကျိုးမဲ့ အလဟဿ အချိန်ကို မကုန်စေဘဲ ပညာရှိလူတော်လူကောင်းအဖြစ်သို့ ရောက်အောင် သတိဝိရိယ စိုက်ထုတ်၍ ကျိုးစားကြကုန်ရာသတည်း။

# နိဂုံးချုပ်
# ဆောင်ပုဒ်

ရွှန်းရွှန်း တေဇာ၊ ဉာဏ် ပညာ
ကဒေါ၊ အာဘာနတ္တိ၊မြတ်မုနိဟု၊ တုဘိ
နိုင်းအဲ့င်၊ ဘက် မ မြင် သား၊ လူ့ ခွင်
အစ၊ ဘုံသုံးဝဋ်၊ ကာ လ သုံး တန်၊
ကျိုး ကြောင်း မှန် ကို၊ ဝေ ဘန် ဉာဏ်
လျှမ်း၊ အမြင်စွမ်းသည့်၊ အောင်လမ်း
ခေမာပေတကား။

ထွန်းထွန်း ဝေဖြာ၊ ဉာဏ်ရောင်
မှာ ကား၊ ဝိ ဝါ ကင်း စင်၊ ထို့ ထွင်း
မြင်၍၊ ဆင်ချင်သတိ၊ ဉာဏ်မျက်စိ
ကို၊ ရရှိစွမ်းဆောင်၊ ကြံတိုင်းအောင်
လိမ့်၊ တန်ဆောင်ပညာ၊ ဉာဏ်ရောင်
ဝါကို၊ ဝေ ကာ ဖြန့် လွှမ်း၊ လွှန် ငြိမ်း
ချမ်း သည့်၊ မှောင် ဖုံး သွေ ခွာ စေ
တကား။

ညွှန်းညွှန်းကြေငြာ၊ များတကာ တို့၊ ပညာ ဉာဏ်သွား၊ သုတ ပွားမှု၊ ကြီအားလွယ်ကူ၊ စွမ်းသည်ဟူ၏၊ ကံမူ၊ ဉာဏ်ဆ၊ ဝိရိယဖြင့်၊ လောကလူ့တွင်၊ ကြီးပွားချင်မှု၊ ဉာဏ်လျှင် မှီငြမ်း၊ ပုံပြု လှမ်းသည်၊ ဆောင်စွမ်း— စေရာလေ တကား။

မယ်သိန်